
# စစ်ကိုင်းဦးဘိုးသင်း

# ရှုမဆုံးတဲ့ မိဖုံးကြွယ်



ဒုတိယအကြိမ်

mgyoe.com

mgyoe.com



စစ်ကိုင်းဦးဘိုးသင်း

# ရှုမဆုံးတဲ့ မိဖုံးကြွယ်

မျက်နှာဖုံးပန်းချီ သီဟာဇေတာဇ

ANB0069

2,300.00 KS

mgyoe.com

ရွှမဆုံးတဲ့မိပုံးကြွယ်၊ စစ်ကိုင်းဦးဘိုးသင်း
စာမျက်နှာ ၂၀၉ မျက်နှာ၊ ၁၆ စင်တီ× ၁၈ • ၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၉၆၉ စန္ဒာဝင်းစာအုပ်တိုက်၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရှုမဆုံးတဲ့မိဖုံးကြွယ်

စစ်ကိုင်းဦးဘိုးသင်း

ပြန်လည်ရိုက်နှိပ်ခြင်း ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ရှုမဆုံးတဲ့ မိဖုံးကြွယ်

မောင်မြင့်သည် နတ်တော်လတစ်နေ့သော နံနက်တွင် အောက်သို့ စုန်လာသော မော်တော်ဘုတ်တွင် ပါလာ၏။ ၎င်း၏ အနီးတွင် ၎င်းနှင့် ရွယ်တူဟုထင်စရာ မိန်းမပျို ခပ်သန့်သန့် ဖိုင့်ဖိုင့်ဝဝ ဆိုရခမန်း လှလှ လေးယောက်လည်း ပါလာ၏။ ထိုမော်တော်ဘုတ်ပေါ်တွင်ပင် ပရိမ္မသို့ သွားသော မိန်းမကြီးနှစ်ယောက်နှင့် ယောကျ်ားကြီး တစ်ယောက်သည် ပဲ့ပိုင်းကျကျ တစ်နေရာက ပါလာ၏။

ထိုအပျိုထင်ရသော အမျိုးသမီးလေးယောက်သည် အံ့ချီးကုန်နိုင် ဖွယ်ဆိုသော သဘောနှင့် မိုးညှင်းသမ္မုဒ္ဒေစေတီအကြောင်းကို ရေပက် မဝင်သာအောင် ပြောပါလာ၍ မောင်မြင့်သည် ကြားပြင်းကတ်သကဲ့သို့ နိသက်သက်မျက်နှာရှုံ့ပြီးသော် "အလကားကောင်မတွေ၊ သည်ကောင်မ တွေများကိုရတဲ့ တောင်သူဟာ အမတော်ကြေး ဘယ်လောက်ပေးပေး၊ တတ်နိုင်လျှင် ဘဏ်မှာ ရှိတဲ့ငွေကိုအကုန်ပေး မွဲလက်စသတ်မှာ မဟုတ်" ဟု မဆိမဆိုင် မတော်မလျော် စိတ်ထဲက တောက်တီးနေလေ၏။

mgyoe.com

mgyoe.com


ထိုမိန်းမပျိုလေးယောက်ကလည်း ဖျင်နီအပေါ်အင်္ကျီနှင့် သုံးကျပ်ခွဲလောက်တန်သော တိုင်းရင်းရက် လုံကွင်းကို ဝတ်လာသည့် မောင်မြင့်ကို ထင်းခြောက် တုံးကလေး တစ်တုံး မော်တော်ဘုတ်ပေါ်မှာ ပါလာသည်ဟု ထိုမိန်းပျိုလေးယောက်ကလည်း ထင်ပုံရ၏။ သို့လင့်ကစား မောင်မြင့်၏ လက်ထဲတွင် ပြုံးပါနှင့်ဆိုသော ဝတ္ထုစာအုပ်တစ်အုပ် ရှိနေ၏။

မိန်းမပျိုလေးယောက်ထဲမှ တစ်ယောက်သော မိန်းကလေးက ညွှန့်ညွှန့်များ ပါလာရင် သိပ်ပျော်မှာပဲဟုဆို၏။ ထိုအခါ တစ်ယောက်က "ညွှန့်ညွှန့်လိုက်မလို့ပါပဲ၊ 'သူ့ ရည်းစားပြန်မလာတာနှင့် စိတ်နာမိပြီး မလိုက်လာတာ" ဟု ဆို၏။

ထိုအခါ တစ်ယောက်က ဤသို့ လက်ရင်းသံကလေးကိုနှိပ်လိုက်လေ၏။ ထိုမိန်းကလေးကား တော်တော်ပင် ချောလှသည်ဟု ထင်မည်ဆိုသော် ခေတ်မောင်များက ထင်မလားမဆိုနိုင်။ ထိုမိန်းကလေးကို ကျွန်ုပ်က ချောလှပါသည်ဟု ချီးသော် မောင်မြင့်က ကိစ္စမရှိ မောင်မြင့်ရဲ့ လက်စွဲကျော် လှထွန်းက "ဆရာကြီးဟာ အင်မတန့်ကို မတော်မလျော် ရေးသည်" ဟု မုချဘုနှိ်မည်ဖြစ်၏။

"ညွှန့်ညွှန့်လား ချစ်ပါရဲ့၊ ဒါပေ့ ဒါလောက်တောင် ယောကျ်ားငတ်ရတယ်လို့၊ ယောကျ်ားတွေပေါလှချည့်၊ ကတဲ၊ ချေးပေါ၊ သေးပေါ။ ဝက်သားခုတ်တဲ့ ဓားပြားပြားကြီးနှင့် ထက်ခြမ်းကွဲသွားအောင် ခုတ်ချင်လိုက်ဖို့ကောင်းတာပဲ။"

"ရှင့်နှယ်ရှင်" (တစ်ယောက်က)

"ရှင့်နှယ့်ရှင်လုပ်မနေနှင့်ရှင်၊ ရှင်တို့လည်းမိန်းမ၊ ကျွန်မလည်း မိန်းမ။ ဘာ၊ ယောကျ်ားကိုစွဲစရာရှိသလဲ၊ ခုတော့ သေလုအောင်စွဲတာ။ လိုချင်သလား၊ ဆာသလား။ အိမ်လူကြီးတွေမရှိခိုက် ဟော... လိုချင်တဲ့

mgyoe.com

mgyoe.com


မောင်ကိုခေါ်၊ ခြောက်ဆယ်ကျော် ဘကြီးကိုခေါ်...လာမှာဘဲ၊ သွားဖြီးပြီး လာမှာ၊ ပြီးတော့ ပြန်လွှတ်လိုက်၊ နောက်လာပါရစေဦးလို့တောင် ပြောသွားဦးမှာ၊ အလိုရှိတိုင်း လိုချင်သူကိုခေါ် ရှင်ရမှာပဲ"

(သောခနဲရယ်ကြလေ၏။ ပါလာသော ဝက်အူချောင်းကြော်ကို အမြည်းပြု၍ ဓာတ်ဘူးထဲမှ လက်ဖက်ရည်ဖန်ကို သောက်ကြ၏။)

မောင်မြင့်သည် ထိုသို့သော အသံနှင့် အမူအရာကို ကြားမြင်ရ၍ လျှစ်လျူပြုခြင်းဆိုသော အထက်တန်းစားဆိုသူတို့၏ မူနည်းကို သဘောမထားနိုင်ဘဲ "ဘယ်လို မိန်းမစားတွေလဲ၊ ကဲပဲကဲလှချည်လား" ဟု စိတ်ထဲမှ တော်တော့်ကို ပွထိုးပြီးလျှင် "ငါ့လိုလူကို ခေါ်စမ်းစေချင်တယ်၊ ပွက်ပွက်ကိုလန်သွားအောင် တီးလွှတ်မှာပဲ" ဟု စိတ်ကစားမိလေ၏ ။

မောင်မြင့်သည် ထိုသို့စိတ်ကစားမိရုံမျှမက မဆီမဆိုင် ရယ်သံကြား၍ စိတ်မခိုင်သဖြင့် အငြိမ့်သို့ထသွားဘိသကဲ့သို့ စိတ်တွင်ဖြစ်ပေါ်လာ၍ "ကျုပ်လိုလူကိုခေါ်ကြည့်စမ်းပါလား" ဟု ထိုအနားသို့ ထသွားကာ ပြောလိုက်ချင်လေ၏။

အကယ်၍ မောင်မြင့်သည် ကွင်းဆက်သဘောနှင့် ဖြစ်ပေါ်လာသော ၎င်း၏စိတ်အတိုင်း ထသွား၍ပြောခဲ့လျှင် စွာစွာလန်မလန်က "လာလေ ကျွန်မကခေါ်တယ်၊ လိုက်ခဲ့ဟိုကို" ဟု ဆိုမလား။ သို့တည်းမဟုတ် "ဟီဟိ... တော့်လို လူလား၊ ဘယ်အကြားမှာ ညှပ်ထားရမလဲ" ဆိုပြီးလျှင် လက်ခုပ်တီးကာ အပျိုတစ်စုက သရော်လိုက်ကြမလား၊ အတော်ပင် ကကွက်ကလေးကား ကလက်တက်တက် ရှိနေပေလိမ့်။

စွာစွာလန် မလန်က ဤသို့ဆက်၍ လက်သံပြောင်ပြန်၏။ ဘုရားဖူးက အပြန်ပေကိုး။ (ဝါ) သမ္ဗုဒ္ဓေကအပြန်ပေပဲကိုး။

"ရှင့်၊ ခုကာလ ငမ်းငမ်းတက်တို့ကလည်း အရှက်မရှိဘဲ ချက်ချင်း

mgyoe.com

mgyoe.com


ပဲ ဖက်လိုက်တော့မလို "ဈေးကိုသပြီး ဖြီးလိမ်းဝတ်စားကာသွားခဲ့ပါလျှင် ကြည့်လိုက်ကြတာ၊ ပိုးချင်စိတ်နှင့် ငမ်းလိုက်ကြတာ။ ရှေ့ကလည်း ကြည့်တာပဲ၊ မျက်လုံးကြီးကိုဖြဲလို့၊ ဘေးကလည်း ကြည့်တာပဲ ပါးစပ်ဟကာ သူတို့ပါးစပ်ပြဲလို့၊ နောက်ကလည်း ကြည့်တာပဲ နောက်ကကြည့်တော့ တင်ပါးကလေး အိအိက မောင်တွေကိုမိထားပြီ။ လှုပ်လှုပ်လှုပ်လှုပ်နှင့် နိမ့်တုံမြင့်တုံ သွားပုံကို မြင်သောခါ ပါးစပ်ကိုဟ၊ မျက်လုံးကိုပြူကတဲ့ ပုစွန်မျက်စိဖြစ်ကာ ကျွတ်ထွက်သွားမှာများ သနားစရာ၊ တချို့ကတော့ ယာခင်းပေါက်ထဲက နွားမအုပ်ကြားက ကြာကထိကဆရာ သိုးကြောင် ကြီးကသင်ထားတဲ့အတိုင်း ရိုင်းရိုင်းပဲ သွားဖြီးကြ..."

ထိုအခါ အပျိုလေးယောက်သည် ဟားပေါက်နှင့် လက်ဖက်ရည်သောက်ရင်း မော်တော်ဘုတ်ပေါ်တွင် သောခနဲ့ဖြစ်နေကြလေ၏။

မစ္စာလန်က မတန်သေးဘဲ၊ ဤသို့လာပြန်သေး

"ခုကာလမောင်တို့က တောသား တောသူဆို အလုပ်ကပူလို့ ခမျာများ သနားစရာ၊ သည်လိုဟာကို ဘယ်မှာရှိနိုင်ပါ့မလဲ ကျောင်းတော်ကြီးသား အထက်တန်းက မောင်များကတော့ အားမရဘဲ လုလုကြီးအပိုးမျိုးနှင့် ဟပ်ထိုးအကြည့်ဖြင့် ကြည့်ပြီ။ သူတို့ရဲ့ စိတ်ထဲကတော့ မိပြီးငြိနေတာပေါ့၊ နွားမအုပ်ကြားက သိုးကြောင်ကြီး နိုသရည်းကိုအပြီးတိုင်တတ်နေလို့ ဟပ်တပ်စွဲပေါ့။ တက္ကသိုလ်မောင်ဆိုတော့ သူ့ထက်ကဲ၊ တကတဲ၊ သွားဖြဲတာကိုတောင် ကျောင်းကပြန်အလာမှာ လက်ဖက်ရည်ဆိုင်ကနေ ရှာတော်မူပြီး၊ မစေ့တော့ဘူး။

သောခနဲ...။

"ဒီဂရီများရလာတော့၊ သာ၍ကဲပြီး သူတို့က လက်ဖြောက်တီးကာခေါ်ရင်ပဲ၊ ရှုမဆုံးတဲ့ မိဖုံးကြွယ်တို့ကို ရတော့မလို တိတိနှင့်သွားဖြဲကြီးမစေ့နိုင်၊ လက်ကြားမှာ စီးကရက်ကိုညှပ်ပြီး တဟီးဟီးပေါ့၊ သာ၍

mgyoe.com

mgyoe.com


သာ၍ မိမိ၊ ထိထိကြီးနှင့် ပိုးပန်းကာကြည့်တော့ပြီ။ သည်တော့ ယောက်ျားဆိုတာ မိန်းမတို့ကို ဟိုဓောနှင့် မောနေအောင်ကြည့်ပြီ။ မြစ်ထဲမှာ ရေဆင်းချိုးတာတောင် မလွတ်အောင်ကြည့်ပြီ။ ဟိုက်စကူး မောင်များကတော့ သာ၍ကြည့်ပြီ။ တက္ကသိုလ်မောင်များဖြစ်တော့ သာ၍သာ၍ကြည့်ပြီ၊ ဒီဂရီ ရလာတော့ တဟာဟာနှင့် အကြည့်ဆုံးပေါ့"

(အပျိုကလေး လေးယောက်သည် သဘောကျကြ၍ သသော သောနှင့် တဟောဟော ရှိနေကြလေ၏။...)

မစွာလန်ကား၊ မတန်သေးဘဲ၊ တရားခံမရှိဘဲနှင့် ဤသို့ ဆက်ကာ နံပြန်၏။

"ရာထူးများရတော့ရှင့်၊ ဘဝင်မြင့်သည်ထက်မြင့်ပြီး ထိပ်သီး ခေါင်ကိုင်းကို ချိန်ကာ လက်ကြားမှာ ညှပ်ထားတဲ့ စီးကရက်မီးပြာကို ခါကာခါကာနှင့်ပေါ့၊ အကြည့်ဆုံး၏ အကြည့်ဆုံးနှင့် ကြည့်ရှာတော်မူ တော့သည်။ သည်တော့၊ အလိုရှိရင် ခေါ်လိုက်ရှင်၊ နေ့ကြောင်တောင်မှာ ပင် မရှောင်ဘဲ တစ်နေ့မှာ နှစ်မောင်တောင် ပြောင်ပြောင်ကြီး ထည်လဲနှင့် နွဲ့ရအောင် ရနိုင်ပါတယ်ရှင်..."

ထိုသို့ပြောဆိုကြပြီးလျှင် တဟီဟီ၊ တရီရီနှင့် တရွှင်ရွှင်ပြုကာ ထမင်းစားကြရန် ချိုင့်များကိုယူ၍ ပြင်ကြလေ။

မောင်မြင့်ကား ထိုသို့သော မခံချိမခံသာ ခနိုးခနဲ့နှင့် စကားကို ကြား လာရ၍ ဃကာသာ ခုန်လိုက်ချင်၏။ ဘယ်လိုအမျိုးအစားများ ဖြစ်ပါ လိမ့်မလဲ။ လယ်သူမများတော့ မဟုတ်တန်ရာ။ သည်အရပ်မှာ လည်း လယ်တော အကြီးအကျယ်မရှိ။ ယာနှင့် မြေနုကျွန်းပေါ်သာ ရှိသည်။ ရမ်းလှပါ ကလား၊ တကတဲ ပြောလိုက်သည့် စကားများသည် နားခါးပြီးလျှင် ညှီတီတီချည်းပဲ၊ "ငါသွားပြီး စကားစစ်ထိုးပြန်ရှော့မယ်" ဟု စိတ်ထဲက အကြိမ်းကြီးကြိမ်းသကဲ့သို့ ရှိနေကာ မုံရွာစာအုပ်ဆိုင်မှ

mgyoe.com

mgyoe.com


ဝယ်လာသော "ပြုံးပါနှင့်" ဝတ္ထုကိုဖွင့်ကာ ကြည့်နေလေ၏။

အမျိုးသမီး တစ်စုသည် ပျော်ပျော်ပါးပါး ထမင်းများ စားသောက်ပြီးကြသောအခါ ၎င်းတို့၏ သဘာဝအတိုင်း ယဉ်ကျေးဖွယ်ရာ ဟုကား မဆိုသင့်သည်လို၊ ရိုင်းသည်ဟုပင် ဆိုချင်ဆိုတော့၊ ၎င်းတို့သည် ဤသို့ လျှင် စကားဆက်ကာ ပြောနေကြပြန်လေ၏။

"ရှင့်၊ ရှင့်စကားက အတော့်ကို ဟန်မကျဘူး"

"ဘာကြောင့်လဲ"

"ကိုယ်နှစ်သက်တဲ့ လူကိုခေါ်၊ ပြန်လွှတ်ဆိုတော့..."

"နေပါဦး၊ တစ်ဆိတ်ကလေး မိန်းမဘဝကို အသာကလေး ဘရိတ် အုပ်ကာ၊ ဆံထုံးကိုဖြတ်ပြီး ဗိုလ်ကေ တပ်လိုက်စမ်းပါ။ ခေတ်မောင်၊ ခေတ်ကို၊ ခေတ်ဦး၊ ခေတ်ဘ၊ ခေတ်ဘိုး ဆိုတာခေါင်းကိုသာကြည့် ဖြူဖြူမည်းမည်း ဥရောပအမွေးတပ်၊ မတပ်ကို သတိပြု"

"ပြောပါရှင်...၊ ဒါဘာဖြစ်သလဲ"

"ဗိုလ်ကေဆံဖုတ်နှင့် ဂုဏ်တင်ကာ အသရေလုပ်နေတဲ့သူများဟာ ကန်တော့ပါသေး၊ တစ်စလောင်း..."

"ရှင့်၊ နေဦး။ ခုခေတ်မှာ နိုင်ငံခြားပြန်တွေ တစ်နှစ်ထက်တစ်နှစ် များလာတော့..."

"ရှင့်နားထောင်၊ ရှင်ပြောတာမှန်တယ်၊ အမေရိကန် နိုင်ငံကို ပညာ သင်တဲ့ လွှတ်တယ်။ ဘယ်သူ့ငွေနှင့်လဲ၊ ဘယ်ကုမ္ပဏီကငွေနှင့်လဲ။ တောင်သူလယ်သမား၊ အလုပ်သမားများတို့က ဆက်သရတဲ့ တိုက်ရိုက် အခွန်တော်၊ သွယ်ဝိုက်တဲ့ အခွန်တော်တို့မှ အများကြီးပါတယ်ရှိရှင့်"

"ဆိုပါ..."

"သူတို့ဟာ အမေရိကန်မှာ အမ်အေ၊ ဘီအက်စ် ဆိုတဲ့ ဒီဂရီ ကြီးတွေကို ယူပြီး ပြန်လာကြတယ်။ တကယ်ဆို နည်းနည်းကလေး

mgyoe.com

mgyoe.com


ပြောမယ်ရှင်။ အမေရိကန်ရောက်တော့ ဂျုံခင်းထဲမှာ စက်နှင့်ထွန်ယက်ပုံ၊ စက်နှင့် မျိုးကြဲပုံ၊ စက်နှင့်ရိတ်သိမ်းပုံတို့ကို အသေအချာ ကိုယ်တွေ့ကြည့်ခဲ့၊ စုံစမ်းခဲ့၊ စက်အမျိုးအစားကို မှတ်ခဲ့။ အဲသည်လို တချို့က ရှာဖွေစုဆောင်းခဲ့ပြီး ပြန်လာကာ ဗမာပြည်လက်မှုလယ်ယာလုပ်ငန်းကို စက်မှုလယ်ယာဖြစ်အောင်... ကိုင်းရှင်"

"ထားတော့... ရှင်"

"တချို့က စက်ရုံကြီးတွေ သွားကြည့်၊ အဏုမြူလုပ်ငန်း၊ ဟိုက်ဒရိုဂျင်လုပ်ငန်း၊ ဒုံးပျံလုပ်ငန်းစသည်တို့ကိုကြည့်၊ စေ့စေ့ ငုငု ရှာဖွေစုဆောင်း၊ ဒါကို အမေရိကန်က မပြသဘဲ ထိမ်ချန်၊ လျှို့ဝှက်ထားမယ်ဆိုရင်၊ အမေရိကန်ဟာ ကြောင်သူတော် လုပ်နေတာပေါ့...။ ပါးစပ်က အသံကောင်းဟစ်ပြီး ငါစား ငါကောင်း ဆိုတာကို ကိုယ်တိုင် သက်သေခံရာရောက်နေမှာပေါ့"

"ရှင့်စကားနှင့် ဒါဘာဆိုင်သလဲ"

"အမိ၊ ဒါက ဝမ်းစာ၊ ရှင်က နိုင်ငံခြားပြန် စကားကိုပြောလို့ စပ်မိတာနှင့် ပြောတာ၊ နားထောင်"

"ပြောရှင်၊ ပြောရှင်၊ ညွန့်ညွန့် မပါတာ နာတယ်"

"အလကား အစ်မ၊ တချို့နိုင်ငံက ပါးစပ်က လေကြီးမိုးကြီးလောကကို၊ ကမ္ဘာကိုကယ်တင်မလို့၊ ဘာမလို့နှင့် သူတို့ရဲ့ နိုင်ငံအတွင်းဖိတ်ခေါ်လို့ သွားကြည့်တော့ ဘယ်မှာလွတ်လွတ်ကြည့်ရသလဲ၊ နောက်က စစ်သားနှင့် အစောင့်နှင့်ရုံလို့ အဲသည်လို နိုင်ငံက ပညာတော်သင်တွေပြန်လာတော့ ဘာတတ်သလဲ၊ ဘာထူးသလဲ၊ ဘယ်လိုတိုင်းပြည်ကို တိုးတက် ကောင်းမွန်အောင် လုပ်ဆောင်နိုင်သလဲ သွေးစုပ်ကောင်၊ ခေါင်းပုံဖြတ်၊ နယ်ချဲ့၊ ကိုလိုနီစနစ်ကို အော်တတ်တာမှအပ ဘာအထူးပညာကိုများ တတ်ခဲ့သလဲ"

mgyoe.com

mgyoe.com


"ရှင့်နှယ်ရှင်"

"နားထောင်ဦးရှင်၊ အမေရိကန်၊ အင်္ဂလန်တို့က ပြန်လာတဲ့လူတွေကော၊ အစိုးရ လခကြီးစားလုပ်၊ သူတို့ခြင်ထောင်ကို တန်ဆာဆင်ဖို့မှလွဲပြီး တိုင်းပြည်ကို တိုးတက်ကောင်းမွန်အောင် ဘာကို လုပ်တတ်ကြသလဲ၊ ကိုင်းရှင်တို့ ပြကြလေ။ ရှင်တို့မောင်များလည်း နိုင်ငံခြားပြန်ပဲ၊ လခများများစားရတာသာဟာ အရသာပဲ မဟုတ်လား။ အဲသည်တော့ သည်လူတွေကမှ အနောက်နိုင်ငံက ယဉ်ကျေးမှုဆိုတဲ့ ဒူးထောင်ပေါင်ကား နိသျရည်းတွေကို သိလာခဲ့ကြလို့၊ မပြောတော့ဘူးရှင်၊ ယုန်သားကြော်သုတ်စားရအောင်..."

မောင်မြင့်သည် ထိုကဲ့သို့ ဖဲဖကြဲ (စံစံကြဲ) ရှုမဆုံးတဲ့ မိဖုံးကြွယ်တို့၏ ပေါက်တတ်ကရ ရောက်တတ်ရာရာ တွေ့ကရာများပြောနေကြသည်ကို ကြားရ၍ တစ်ခါတည်း မော်တော်ဘုတ်ပေါ်မှ ကျွမ်းပစ်ကာ ချလိုက်ချင်လေ၏။

မောင်မြင့်သည် မိုးချုန်းသံကို အမြောက်သံမှတ်၍ စစ်ဆုတ်သွားသော စစ်ဗိုလ်မှူးကဲ့သို့ မိစံစံကြဲတစ်စုနှင့် ရောနှောကာမျှပင် စကားမပြောဝံ့တော့ဘဲ အရှုံးပေးသကဲ့သို့ ရှိသွားလေ၏။

ထိုသို့နှင့် မော်တော်ဘုတ်ကြီးသည် ၎င်း၏ခရီးအတိုင်း သွားကြလေ၏။

❐

mgyoe.com

mgyoe.com

# အူကြောင်ကြောင်လား

## အခန်း ၁

မောင်မြင့်သည် နိုင်ငံခြားသို့ ပညာသင်သွားရန် အခွင့်ရသည်ကို ၎င်း၏ မိဘများလည်း ဝမ်းသာအားရနှင့် မောင်မြင့်ခရီးသွားရာမှ ပြန်ရောက်လျှင် ရောက်ချင်းပြောကြားလေ၏။

မောင်မြင့်ကား ထိုသို့ပြောသည်ကို ဝမ်းသာရမည့်အစား မထူးသော မျက်နှာနှင့် "ကျွန်တော် နိုင်ငံခြားသို့ မသွားချင်တော့ဘူး၊ အချိန်ကုန်ပါတယ်" ဟု ခပ်တိတိ၊ ခပ်တိုတိုနှင့်ပြောလေ၏။ ထိုအခါ မောင်မြင့်၏ အဖေ ဦးထူးသည် အလွန်အံ့ဩသော သဘောနှင့် ဤသို့ဆိုလေ၏။

"ဟဲ့၊ ဘယ့်နှယ်။ နိုင်ငံခြားကို ပညာသင်သွားရတယ်ဆိုတာ နှယ်နှယ်လူများ သွားရတယ်ထင်သလား"

"ကျွန်တော် သိပါတယ်..."

"အစက မင်းဘာကြောင့် နိုင်ငံခြားသို့ သွားချင်ပါတယ်ဆိုကာ လျှောက်ရသလဲ"

"ခု ကျွန်တော် စိတ်ပြောင်းလဲလာလို့"

mgyoe..com

mgyoe.com


"အလို၊ သည်လိုစိတ်ပြောင်းလဲတတ်တဲ့လူဟာ လောကမှာ လူလုပ်ဖို့ ခက်တယ်"

"အဖေ၊ ဒါဖြင့် ကျွန်တော်ဟာ စိတ်မပြောင်းလဲဘဲ ကလေးလို အဝတ်မဝတ်ဘဲ လမ်းမကြီးမှာ လျှောက်ပြီး ကစားနေရမှာလား"

"မင်း ဖောက်ပြန်နေပြီ။ ဖောက်ပြန်ချက်မြန်လှသကွယ်၊ မုံရွာက ပြန်လာမှ ဘာဖြစ်နေသလဲ"

"ကိုထူး၊ သူပြောချင်တာကို ပြောစမ်းပါစေ"

"မင်း၊ ဘာကိုပြောချင်သလဲ"

"ကျွန်တော် နိုင်ငံခြားသွားပြီး ပညာသင်လာလို့ ဘာကို တတ်လာမှာလဲ။ ဖောင်တိန်လုပ်တတ်မှာလား၊ နာရီလုပ်တတ်မှာလား၊ စက္ကူလုပ်တတ်မှာလား၊ အဏုမြူဗုံး လုပ်တတ်မှာလား၊ မော်တော်ကား လုပ်တတ်မှာလား၊ စက်ဘီးလုပ်တတ်မှာလား"

"မင်းကွယ်၊ ဘယ့်နှယ်..."

"အဖေဘယ့်နှယ်မလုပ်နှင့်၊ ကျွန်တော် နိုင်ငံခြားက ပြန်လာရင် ခေါင်းပုံဖြတ်၊ သွေးစုပ်ကောင်၊ အရင်းရှင်၊ အမြတ်ကြီးစား၊ နယ်ချဲ့ ဒါတွေကို အော်တတ်တာထက် ဘာများထူးဦးမှာလဲ၊ ခုလည်း အော်တတ်ပါတယ်"

"မင်း၊ ခက်နေပါပြီ"

"မခက်ဘူးအဖေ။ ကျွန်တော် နိုင်ငံခြားကပြန်၊ ဒီဂရီကြီးတွေ ရလာခဲ့၊ သည်ကျတော့ အစိုးရလခကြီးစားလုပ်၊ ဒါဟာ တိုင်းပြည် လူမျိုးကို ဘယ်လိုမြှင့်တက်လာအောင် လုပ်နိုင်သလဲ၊ တိုင်းပြည် လူမျိုး တန်ခိုးကြီးအောင် ဘယ်လိုလုပ်မလဲ၊ အလကားနိုင်ငံခြားက ကလိန်စေ့ ငြမ်းဆင်လုပ်ပြီး လွှတ်လိုက်၊ သည်ကျတော့ ခြင်ထောင်ကို တန်ဆာဆင်တာထက် ဘာများထူးထူးထွေထွေ လုပ်နိုင်သလဲ။ နောင်တော့ နောင်

mgyoe.com

mgyoe.com


တော်တွေ နိုင်ငံခြားကပြန်လာတာ များလှပါပြီ၊ ပြစမ်းပါ အဖေ"

"ဟယ်... မင်း ဘာတွေကို လျှောက်ပြီးအူနေသလဲ"

"အဖေ စဉ်းစားလေ၊ ကျွန်တော် နိုင်ငံခြားသွားပြီး သင်လို့ ဖောင်တိန်၊ စက္ကူ၊ သံရည်ကြိုတစ်ခုခုအတတ်ကို တတ်လာခဲ့ပါပြီတဲ့၊ သည်ကျတော့ အဖေအလုပ်ရုံတည်ပေးမလား၊ ဒါမှမဟုတ် အဖေ သဘောကျတယ်ဆိုတဲ့ ချွေးမလောင်းရဲ့ အဖေက အလုပ်ရုံတည်ပေး မလား၊ တစ်ဦးဦးက တည်ပေးတယ်ထားပါတော့"

"မင်း ဘယ်လိုစကားတွေကို တတ်လာသလဲ၊ မုံရွာက ပြန်လာလို့ တစ်မျိုးဖြစ်လာတယ်၊ မိုးညှင်းဝိပဿနာ တရားထဲမှာလည်း ဒါဟာ မပါဘူး"

"နားထောင်ပြီး စဉ်းစားစမ်းပါ။ အဲသည်လို တည်ပေးလို့ ဖြစ်မြောက်ပြီ၊ ပစ္စည်းထွက်ပြီ၊ ငွေဝင်ကောင်းပြီ၊ ဟော သူများတွေက အရင်းရှင်၊ ခေါင်းပုံဖြတ်၊ သွေးစုပ်ကောင်၊ အမြတ်ကြီးစားတွေလို့ ယိုးစွပ်ရုံမျှမက အလုပ်သမားတွေကို နှင်းထိုးပေးကာ အအော်ခိုင်း၊ အော်ကြ၊ ကိုင်းဘယ့်နှယ်လုပ်မလဲ၊ အစိုးရကလည်း အလုပ်ရုံတွေ မွနေအောင် တည်ပေးနိုင်ဖို့အခက်"

"မင်း တော်တော်ခွပြောတဲ့အကောင်ပါ"

"မကြာမီကကြည့်လေ၊ ဟိုဆီစက်ကြီးကို သပိတ်မှောက်ကာ အော် ကြတာကို အဖေမကြားဘူးလား"

"ဒါဖြင့် မင်းဘာလုပ်မလဲ"

"သည်လိုပေါ့ခင်ဗျာ၊ လျောက်လျားပေါ့"

"အလို..."

"အဖေ၊ ခေတ်ခင်ဗျ"

"ဆို၊ ဘာလဲ၊ ဘာခေတ်လဲ"

mgyoe.com

mgyoe.com


"လောကမှာ နည်းနည်းကလေး ငွေဝင်ကောင်းလို့ထောင်ပြီးပြောင်၊ လာရင် အရင်းရှင် အမြတ်ကြီးစားဆိုကာ လူမုန်းခံရတတ်တယ် ခင်ဗျ။ သူများ စက်ဘီးစီးသွားရင် ကိုယ်က ခြေကျင်သွားနိုင်မှ၊ သူများ မော်တော်ကားတဝီဝီနှင့် ဝီနိုင်နေရင် ကိုယ်က ခုံဖိနပ်စီးပြီး လမ်းလျှောက်ကာ သွားနိုင်မှ၊ ဒါမှ ခေတ်လူများရဲ့ မျက်စိထဲမှာတည့်တယ်။ ဒါဟာ လူတန်းစားတိုးတက်ခြင်း ခင်ဗျ၊ မထောင်နှင့်ပြောင်သွားမယ်၊ မကြွနှင့် ကျသွားမယ်၊ လူတစ်ကိုယ် တိုက်တစ်လုံး၊ မော်တော်ကားတစ်စီး၊ ရေဒီယို တစ်လုံးဆိုတာ မဲရအောင် မေတ္တာပို့ မန္တန် ခင်ဗျ"

"ဒါဖြင့် မင်းဘာလုပ်မလဲ"

"ယာခင်းတွေထဲသွားပြီး ကူလီလုပ်မယ်ခင်ဗျာ"

"မသိမ်း၊ မင်းသားရူးလာပြီ၊ ဆေးကျွေးတော့"

"ဟာ၊ ကျွန်တော် ယာလုပ်ရအောင် အဖေ့မှာ မြေဘယ်နှဧက ရှိသလဲ၊ ကျွန်တော် ယာလုပ်ဖို့ ဘယ်သူက မြေပေးမလဲ"

"တန်တန်တန် မင်းတွေ့ကရာပြောမနေနှင့်၊ မင်းကျောင်းဆရာ လုပ်၊ ဒါပဲ မင်းနှင့်တန်တယ်"

ထိုသို့ပြောဆိုပြီးနောက် ဦးထူးသည် ပင်စင်စားတို့စု၍နိဗ္ဗာန်ကို သွားရန်လမ်းရှာကြရာသို့ သွားလေ၏။

မောင်မြင့်ကား အိမ်ပေါ် သူ့အခန်းထဲသို့ ဝင်သွားလေ၏။ ၎င်းသည် ဘီအက်စ်ဖြစ်ရာတွင် အင်္ဂလိပ်စာအလွန့်အလွန်တော်၏။ ၎င်း ရေးသောစာမှာ တို၍ အလွန့်အလွန် အချက်ကျ၏။ အလွန်ထင်ရှား သော နိုင်ငံရေးသမားကြီးများ၊ အယ်ဒီတာများပင် ၎င်း ရေးသောစာကို လန့်ကြ၏။

မောင်မြင့်သည် နိုင်ငံခြားတစ်နိုင်ငံသို့ သွားရောက်၍ ပညာသင် ကြားရန် အတော်ပင် အလိုရှိခဲ့၏။ အလိုရှိသည်အတိုင်း ကြိုးစားခဲ့၏။

mgyoe.com

mgyoe.com


ၛင်းသည် နိုင်ငံခြားက ပြန်လာသောအခါ မိမိ၏ တိုင်းပြည်အတွက် မည်ကဲ့သို့ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်၊ လုပ်နိုင်မည်ကို စဉ်းစား၏။ ထိုအခါ ဆန်ကောတွင် စာအိုကို ရှာမတွေ့သကဲ့သို့ တဝဲလည်လည်နှင့်ရှိတော့၏။ နောင်တော့် နောင်တော်များ နိုင်ငံခြားမှ ပြန်လာသည်ကို ၛင်းသည် စဉ်းစားကာ အဖြေထုတ်နေသည်။ ၛင်းတို့သည် အစိုးရထံ၌ လခကြီးစားလုပ်၍ မိမိ၏ခြင်ထောင်ကို အသရေတင်ကာ စည်းစိမ်ကို ပျိုးနေသည်မှတစ်ပါး မမြင်ချေ။ ၛင်းသည် ထိုသူတို့၏ တိုင်းပြည်ကြီးပွားကောင်းစား၍ လူမျိုးအထက်တန်းရောက်အောင် လုပ်ဆောင်နေခြင်းနှင့် လမ်းစဉ်ကို ရှာဖွေ၍ မတွေ့သည်လိုဖြစ်နေသောကြောင့် ၛင်းတွေ့သောအဖြေမှာ ၛင်းအတွက် အူကြောင်ကြောင်သာ ဖြစ်နေလေတော့၏။

မောင်မြင့်သည် ငါဂုဏ်ကြီးမြင့်အောင်၊ ငါ အသရေတင့်အောင်၊ ငါ လခကြီးကြီးရ၍ ယစ်နိုင်အောင်မှတစ်ပါး နိုင်ငံခြားသို့သွားရမည့် သဘောသွားကို မစဉ်းစားတတ်ပေ။ ၛင်းသည် ၛင်းကဲ့သို့ လူငယ်တစ်စု မြင်နေသော ချီးကျူးတောင့်တနေသည့် လမ်းစဉ်မှာ တိုင်းပြည်ကို တိုင်းသူပြည်သားတို့ တည်ထောင်ခြင်းမဟုတ်ဘဲ လခစားသဘောမျှသာဖြစ်သည့် ချုံတိုးသဘော လူမွဲလမ်းစဉ်သာတကားဟု စိတ်ထားပြောင်းနေလေ တော့ပြီ။

ကုလားထိုင်ပေါ်တွင် ထိုင်၍ စားပွဲပေါ်ရှိ စက္ကူပေါ်၌ ဖောင်တိန်နှင့်မြေကို ညှိခြင်းထက် ဘောင်းဘီတိုနှင့် ပေါက်ပြားကို ကိုင်ပြီးသော် မြေကြီးပေါ်တွင် မြေကို ညှိခြင်းသာလျှင် အစစ်အမှန် သီးနှံပင်များကို ဖြစ်ထွန်းစေသည်။

ချမ်းသာကြွယ်ဝသော တိုင်းပြည်ထံ၌ ဆင်းရဲသော တိုင်းပြည်များသည် အစဉ်မျက်နှာငယ်ရသည်။ ဝါဒသဘောသည် တစ်ပါးသော

mgyoe.com

mgyoe.com


တိုင်းပြည်ကို ကယ်တင်ရန်မဟုတ်၊ မိမိ၏တိုင်းပြည်အတွက် ဈေးကွက် ရှာခြင်းမျှသာဖြစ်သည်။ ထိုသို့ ဈေးကွက်၏ သဘောသည် အခြားတိုင်း ပြည်မှ သွေးနှင့်အဆီအနှစ်ကို စုပ်ယူခြင်းသာလျှင် ဖြစ်ချေသည်။

မောင်မြင့်သည် ရောက်တည့်ရောက်ရာ တွေးဆ၍ ၎င်း၏ ကိုယ်ကို ၎င်းပြန်ကြည့်နေသည်။ မှန်ထဲ၌ သေသေချာချာ ကြည့်သည်။ ငါ၏ သွေးသားအဆီအနှစ်ကို နိုင်ငံခြားက စုပ်ယူနေပါတကား။ ငါတို့ စက္ကူ၊ ဖောင်တိန်၊ မင်၊ ခဲတံ၊ ကွန်ပါသေတ္တာစသည်တို့ကို သုံးလာခဲ့ရခြင်း မှာပင် ငါတို့ သွေးစုပ်ခံနေရပါတကားဟု တွေးဆ၍ ဤသို့လည်း ရမ်းဆကာ ရမ်းမိပြန်သည်။

ငါတို့ကလည်း တတ်နိုင်သမျှ အခြားတိုင်းပြည်များ၏ သွေး၊ အဆီ၊ အနှစ်တို့ကို စုပ်ယူနိုင်သမျှ စုပ်ယူရမည်။ စုပ်ယူနိုင်သော အခြေအနေ ငါတို့မှာ ရှိသည်။ သို့သော် အစိုးရသည် ထွက်ကုန်နှင့် ဝင်ကုန်ကို နိုင်ငံခြားသား၊ ၎င်းတို့၏ အဆက်အနွယ်များတို့၏ မြင်ခြင်း ကိုပင် မမြင်ရအောင် သေသေချာချာ ဂဃနဏကိုင်တွယ်ထားဖို့လိုသည်။

သို့သော် မုဆိုးတစ်ယောက်သည် အမဲလိုက်ရန် မိမိ၏ ခွေးများ နှင့် တောသို့သွားသည်။ ၎င်း၏ ခွေးများသည် ဝါးရုံပင်ပေါ်၌နေသော ရှဉ့်နှင့် တောင်ပို့တွင်ရှိနေသော ခြများကို ဆူလောင်စွာ ဟောင်နေကြ သဖြင့် သားကောင်များသည် ပြေးကြလေ၍ အမဲမရဖြစ်နေပေသည်။

ထိုသို့ ကတောက်ကဆတ် ဖြစ်နေသည်ဟု ထင်မှတ်ဖွယ် ဖြစ်သော မောင်မြင့်သည် ၎င်း၏ အမေ့ထံမှ ငွေတစ်ရာတောင်းပြီးသော် ရန်ကုန်သို့ ထွက်သွားလေသည်။

မောင်မြင့်သည် ရန်ကုန်၌ ဝိုင်အမ်စီအေတွင် တည်းနေ၍ နိုင်ငံခြား သားတစ်ယောက်နှင့် စကားပြောနေရာ နိုင်ငံခြားသား လူလည်သည် မောင်မြင့်ကို သူတွေ့ဖူးသော အခြား လူငယ်ကဲ့သို့ပယူဆ၍ လိုးရန် စိတ်

mgyoe.com

ကူးကာ အခွင့်အရေးယူရန် ကြံဆပုံရှိသည်။

မောင်မြင့်ကား ဤသို့ပင် တင်းတင်းမာမာ စကားဆိုသည်။ "ခင်ဗျား ကျွန်တော့်စာကို ဖတ်ကြည့်မိပြီ။ ကျွန်တော်ဟာ ကျွန်တော့်အကျိုးကိုထက် ကမ္ဘာ့အကျိုးကိုလို၍ ဤစာကိုရေးသည်။ ဘယ်သူ့နာမည်နှင့် ထုတ်ထုတ်၊ ထုတ်ချင်သလို ထုတ်။ ကျွန်တော်ဟာ ကျွန်တော်ရသင့်သည်ကို ရလျှင်ပြီးတာပဲ"

"ဒါဖြင့် ခင်ဗျား စာမူကို ရောင်းတာပေါ့" ဟု နိုင်ငံခြားသားသည် ဆိုတော့၏။ မောင်မြင့်လည်း "ခင်ဗျားယူဆချင်သလို ယူဆ၊ ကျွန်တော်ဟာ လျှာမရှည်တတ်တဲ့လူဆိုတာကို ကျွန်တော် ရေးတဲ့စာကို ဖတ်မိမှပဲ ခင်ဗျား သိသင့်ပါတယ်။ သို့သော် ကျွန်တော်ရသင့်တဲ့ အခွင့်အရေးကိုတော့ ကျွန်တော် ရရမှာပဲ၊ ဒါဟာ လူယဉ်ကျေးများသွားတဲ့ လမ်းပဲ" ဟု တည့်တည့်ပြတ်ပြတ်ပြောလေ၏။

သို့နှင့်ပင် မောင်မြင့်သည် ၎င်း၏ အလိုအတိုင်း ပြည့်စုံသွား၍ သူ့အမေထံ ငွေငါးရာ ဒရဖ်လုပ်ကာ ပို့လိုက်ပြီးလျှင် ရန်ကုန်မှ ပြန်သွားလေ၏။

မောင်မြင့်သည် ကျောင်းမှာ နေ့စဉ်အလယ်တန်းကစ၍ပင် ဥစ္စာထက်ပညာက မြတ်ကြောင်းကို ဆရာကောင်း၏ တပည့်ကြောင့် ကောင်းစွာ သိ၍ အတတ်ပညာကို ကောင်းစွာ သင်လာ၏။ ထို့ကြောင့် စူးစမ်းရှာဖွေတတ်၏။ စဉ်းစားဆင်ခြင်၍ အကြောင်းကို ရှာဖွေ၍ တပည့်သဘောနှင့် မှတ်သားခံယူလေ့ရှိ၏။ ၎င်းသည် ပညာတကယ်တတ်သော် မဆင်းရဲနိုင်ဟု ကိုယ်ထူးကိုယ်ချွန်သဘောကို အတော်ပင် လေးမြတ်၏။

၎င်းသည် အိမ်သို့ ပြန်မသွားချေ၊ ၎င်းအား ၎င်း၏မိဘတို့သည် လူချမ်းသာသမီး ဒီဂရီမယ် တစ်ယောက်နှင့် ထိမ်းမြားရန် သဘောတူထား၍ ပြောပြ၏။ မောင်မြင့်သည် သူ့မိဘ သဘောတူသော အမျိုးသမီး

mgyoe.com

mgyoe.com


ကို မသိဖူး၊ မမြင်ဖူးဘဲနှင့် လူချမ်းသာသမီး ဒီဂရီမယ်ဆိုခြင်းကြောင့် အတော်ပင် စက်ဆုပ်နေလေ၏။

မောင်မြင့်သည် သူ့ မိဘသဘောတူထားသော အမျိုးသမီးသည် လူချမ်းသာသမီးဖြစ်ခြင်းကြောင့် ငွေရှင်ဖြစ်ရမည်။ ငွေရှင်သည် အမြဲ မာနကြီးရုံမျှမက ကြမ်းကြုတ်ခက်ထန်တတ်သည်။ ထိုသဘောကြောင့် သူတစ်ပါး၏အပေါ်၌ သနားကြင်နာတတ်ခြင်းကင်းမဲ့ရမည်။ သူတစ်ပါး၏ အပေါ်မှာသနားညှာတာခြင်း ကင်းမဲ့သောကြောင့် ငါစား ဖြစ်ရမည်ဟု အရမ်းသဘောနှင့် တွေးဆ၏။ ထိုမှတစ်ပါး ခေတ်ပညာ တတ် ဒီဂရီမယ် ဖြစ်ခြင်းကြောင့် ယောကျ်ားတစ်ယောက်ကို ကျောက်တုံး ကလေးသဖွယ် သဘောထား၍ စည်းစိမ်ယစ်ခြင်း၊ အသာယူခြင်း၊ အနိုင်ကျင့်ခြင်းတို့ဖြင့် သူတစ်ပါးအပေါ်မှာ ဆရာစားလိုခြင်း၊ ခိုင်းစေလို ခြင်းတို့ ရှိမည်ဟု ယူဆနေလေ၏။ သူ့အမေအား ထိုသို့လည်း ပြောဖူး၏။

၎င်းသည် အိမ်သို့ပြန်သော် ထိုမိန်းမပေးစားမှုနှင့်ပင် ၎င်း၏ မိဘ များနှင့် သဘောထားချင်း မညီမညွတ်မည်ကိုသိ၍ အိမ်သို့ မပြန်ဘဲ အရပ်တစ်ပါးသို့ သွားရောက်လေ၏။ ထိုအရပ်မှာ အီကွေတာ မြောက် လတ္တီတွဒ် ဒီဂရီ နှစ်ဆယ်နားတွင် ကပ်နေသော မြို့ကြီးတစ်မြို့ဖြစ်၏။

မောင်မြင့်သည် ထိုမြို့၌ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ကပ်နေ၏။ သို့ရာတွင် ထိုကျောင်း၌ အိပ်ရုံသာအိပ်၍ ကျောင်းမှ အစား အစာတို့ကို မစားချေ။ ထိုသို့နေရင်း ၎င်းလုပ်ကိုင်ဆောင်ရွက်ရန် အလုပ် ကိုရှာဖွေသောအခါ အမယ်အိုကြီးတစ်ယောက်ထံ၌ လေးဧကလောက် မရှိတရှိ ခြံအိုပျက်ကြီးကို တွေ့ရ၍ ထိုအမယ်အိုထံမှာ ထောင့်ငါးရာနှင့် ဝယ်လိုက်လေ၏။

ထိုခြံမှာကား ပျက်စီးနေ၍ ရောက်ပင်သုံးပင်၊ သံပရာပင်နှစ်ပင်၊

mgyoe.com

mgyoe.com


စောင်းလျားပင် တစ်ပင်၊ သီးပင်သုံးပင် မျှလောက်ရှိ၍ ချုံနွယ်ပိတ်ပေါင်း တို့နှင့် အလွန့်အလွန် ခြောက်သွေ့ကာရှိ၏။ စင်စစ်ထိုခြံသည် ကုန်းကျ သဖြင့် ရေးက အဖိုးတန်စေကာမူ ယခုအခါမှာကား သုံးရာကျပ်ခန့်မျှပင် မတန်ပေ။ ထိုသို့ရှိရာတွင် ထိုခြံနေရာတွင် ကျတ်ရှိသည်။ ထိုခြံသည် အတော့်ကိုခိုက်သည်ဟု ရှောင်ကြ၏။

ခြံရှင်အမယ်အိုသည်ပင်လျှင် ထိုခြံထဲ၌ လင်သေ၊ သားသမီးများ သေသဖြင့် မနေဝံ့သောကြောင့် သူနှင့် ခင်မင်ရင်းနှီးသူ တစ်ယောက်ထံ မှာကပ်နေ၏။ အမယ်အိုသည် ထိုခြံကို ထောင့်ငါးရာနှင့် ရောင်းလိုက်ရ ၍ ထီပေါက်သည်ကဲ့သို့ပင် ဝမ်းသာသွား၏။

မောင်မြင့်သည် ထိုခြံထဲ၌ ချုံနွယ်ပိတ်ပေါင်းတို့ကို သုတ်သင် ရှင်းလင်း၍ ရေတွင်းကို တွင်းချေးဆယ်ပြီးသော် ကောင်းမွန်စွာ ပြုပြင်၏။ သူနေရန်လည်း တဲကလေးတစ်လုံးထိုးထား၏။ ၎င်းသည် ဓာတ်မီး စက်ရုံသို့သွားရာ ဓာတ်မီးဆိုင်ရာ ဝန်ထောက်မှာ ၎င်း၏ သူငယ်ချင်း ဖြစ်နေသဖြင့် အတော်ပင် အခန့်သင့်သွားလေ၏။

မောင်မြင့်သည် ၎င်း၏ ခြံတွင်းရှိ တဲကလေးသို့ ဓာတ်မီးများကို မီတာသေတ္တာ လွယ်လွယ်နှင့်ပင်ရ၍ သွယ်တန်းနိုင်သဖြင့် ရေတွင်းမှ ရေကို စုပ်ယူရန်လည်း ဓာတ်ကြိုးသွယ်၍ စက်ကလေးတစ်ခုနှင့် ထား၏။

ထိုသို့နှင့် ၎င်း၏ ခြံအိုကလေးကို ကောင်းမွန်စွာ ပြုပြင်လေပြီ။ ခြံအိုကလေးမှ အသီးအနှံတို့ မထွက်သေးသော်လည်း သာယာစဖြစ်လာ လေ၏။ ထိုခြံ၏ မြေနိမ့်ပိုင်း၌ကား သပြေပင်ကြီး သုံးပင်ရှိ၏။ ထိုနေရာ သည် ခြံ၏ အနောက်ပိုင်းကျနေ၏။

မောင်မြင့်မှာ ဖော်ရွေစွာပေါင်းသင်းဆက်ဆံမှု၌ ခေတ်မီသဖြင့် အလုပ်သမား လင်မယားနှစ်ယောက်ကိုရ၍ သူ့အား ထမင်းချက်ကျွေး ရန်ပင် အခန့်သင့်ဖြစ်နေလေ၏။ ၎င်း၏ ခြံ၌ သံပရာပင်၊ ရှောက်ပင်များ

mgyoe.com

mgyoe.com


မှာ စိုပြည်လာစရှိလာလေပြီ။ ဝက်မလွတ် ငှက်ပျော ငါးရာလောက်ကို လည်း ချလေပြီ။

မောင်မြင့်သည် တက္ကသိုလ်မှ ဒီဂရီရလာသူဖြစ်သည်နှင့် အညီ ဆင်ခြင်စဉ်းစားကြံဆ၍ အလုပ်လုပ်လေပြီ။ သံပရာပင်၊ ရှောက်ပင်များကို ကိုင်းကူးခြင်း၊ အခြားခြံများမှ သံပရာ၊ ရှောက်၊ မျိုးပင်ရင့်ရင့်များကို ဝယ်၍ အကွက်ကျကျ စိုက်ခြင်း၊ ဒန့်သလွန်ပင်များတို့ကို စိုက်ခြင်းတို့ ပြုလုပ်လေပြီ။

၎င်းပြင် သင့်သောနေရာတစ်ခုတွင် စပျစ်ပင် နှစ်ပင်ကို နည်းကျကျ နှင့်စိုက်၍ လေချူပင် မျိုးပင်ရင့်ရင့်များကို ဝယ်ပြီးသော် သူ့နေရာနှင့် နေရာ ခြောက်ပင်စိုက်လေသည်။ ဝက်မလွတ်အုန်းပင် ဆယ်ပင်ကိုလည်း စနစ်တကျ စိုက်လေသည်။ ထိုခြံကလေးမှာ အသီးအနှံတို့ ကောင်းစွာ မထွက်သော်လည်း စိမ်းလန်းရွှန်းစိုလျက်လှပကာရှိနေပေသည်။ သို့ရာ တွင် ရှောက်နှင့် သံပရာပင်တို့မှာ ရေကောင်းစွာရသည်ပြင် ပြုစုခြင်း လည်း ကောင်းသဖြင့် ရောင်းရလောက်အောင်ပင် သီးလာလေပြီ။

အလုပ်သမား လင်မယားနှစ်ယောက်မှာလည်း ကိုးကွယ်ရာမဲ့ ဆင်းရဲလာသူဖြစ်ရာ မောင်မြင့်နှင့်တွေ့ရသဖြင့် မှီခိုအားထားရာဟု အလွန်ကျေးဇူးတင်ပြီးလျှင် မောင်မြင့်၏ထံမှာ အလုပ်သမားကောင်း အဖြစ်နှင့် တည်နေသည့် အားလျော်စွာ ၎င်းတို့လည်း ၎င်းတို့တတ်သမျှ လောက်နှင့် ရာသီလိုက်ဟင်းသီးဟင်းရွက်ပင်များကို ထိုခြံ၌ စိုက်၍ ပဲပုစွန်ပင်အဖြူတစ်ပင်ကို စပျစ်ပင်စည်နှင့်ပြိုင်ပြီးလျှင် ပြုစုထားလေ၏။

ထိုလင်မယားနှစ်ယောက်၏ အကြောင်းကား ဤသို့တည်း။

ထိုလင်မယားနှစ်ယောက်၏ အမည်မှာ ခင်မောင်ဦးနှင့် မထိပ်တင် ဖြစ်၏။ ၎င်းတို့သည် တူးမြောင်းရေဝင်ရွာတစ်ရွာ၌ လယ်ကူလီအဖြစ် နှင့် လုပ်ကိုင်စားသောက်နေရရာ အတော်ပင်ဆင်းရဲ၏။ သို့သော်

mgyoe.com

mgyoe.com


ကလေးမရသေးသဖြင့် တော်သေး၏။

ငင်းတို့၏ ရွာ၌ မြေရာလက်မဲ့များအား မြေများစွာရှိ၍ ကိုယ်တိုင် မလုပ်သော မြေရှင်များထံမှ မြေများကိုသိမ်း၍ ဝေခြမ်းပေးရာ ခင်မောင်ဦးတို့မှာ မျက်နှာငယ်သည်အတိုင်း မရချေ။ ဗ–တ–လ–စ လူကြီးများက နွား၊ ထွန်၊ လှည်းစသည့် လယ်လုပ်ကိရိယာများ မရှိကြ သေးကြောင်းဟု အကြောင်းပြ၏။ ထို့ကြောင့် မြို့သို့တက်၍ လက်လုပ် လက်စား လုပ်ကိုင်နေရာတွင် မောင်မြင့်နှင့်တွေ့၏။

မောင်မြင့်သည် သူနေရန်အိမ်တစ်အိမ်ကို တင့်တင့်တယ်တယ်ပင် ဆောက်၏။ ယခုအခါ၌ မောင်မြင့်မှာ ဝင်ငွေမရှိသေးဘဲ ငွေများသာလျှင် ကုန်လျက်ရှိ၏။ ငင်း၏ လင်မယားနှစ်ယောက်အား ငင်း၏ စားသုံး စရိတ်ပါပေးသည့်ပြင် ငွေတစ်လမှာ နှစ်ဆယ်ကျပ်ပေးထား၏။ မောင်မြင့် သည် ငွေအတွက်ကို စိတ်ပူပင်ခြင်းမရှိပေ။

ခင်မောင်ဦးသည် ငင်းတို့၏ ခြံကြီးတစ်နေရာ ကုန်းသာသာ၌ ကောက်ရိုး ရိုးဖြတ်များကို အစီအရီမဟုတ်ဘဲ လယ်သမားဓလေ့ သဘာဝဖြင့်မှာယူကာ စုပုံထားသဖြင့် တော်တော်ပင် အားကောင်း၏။ ခင်မောင်ဦး၏ ထိုသို့သောအလုပ်၌ မောင်မြင့်သည် ဘီအက်စ်ဖြစ်သော် လည်း စိုးစဉ်းမျှ နားမလည်သဖြင့် ကုန်ရန်ငွေကိုသာ ထုတ်ပေးပြီးသော် တစ်စုံတစ်ရာမျှ ဝင်မစွက်ချေ။ ခင်မောင်ဦးသည် ငင်းစုပုံထားသော ကောက်ရိုး ရိုးဖြတ်ပုံ၌ ဆန်ကွဲများကိုပက်၏။ ဆန်ဆေးရေကို ညနေ၊ နံနက်တိုင်းလောင်းသည့်ပြင် ရေပန်းနှင့် ရေရွဲရွဲနေ့တိုင်းလောက်ပင် ဖျန်းပေး၏။

ငင်း၏ ခြံတွင် သံပရာသီး၊ ရှောက်သီးများ ထွက်စရှိလာပြီ။ ခရမ်းချဉ်သီးများလည်း အတော်အတန်ထွက်လာပြီ။ ငင်းတို့ကို ထိပ်တင် သည် ဈေးသွားရင်းရောင်းချသဖြင့် တစ်နေ့မှာ ပျမ်းမျှခြင်း နှစ်ကျပ်ခွဲ

mgyoe.com

mgyoe.com


လောက် ရလေသည်။ မထိပ်တင်သည် အတော်ပင် ရိုးဖြောင့်၍ မောင်မြင့် ထံ မှန်မှန်အပ်၏။

မထိပ်တင်သည် မိန်းမအောက်တန်းစားဟု အများကပင် ထင်နေ လင့်ကစား ဈေး၌ မုန့်ဝယ်စားခြင်း စသော အပိုအမိုတို့ကို မသုံးပေ။ အကယ်၍ သုံးခဲ့လျှင်လည်း ခင်မောင်ဦးနှင့် မောင်မြင့်က တစ်စုံတစ်ရာမျှ ပြောမည်မဟုတ်ပေ။ ခုနစ်ရက်တစ်ပတ် တစ်ကြိမ်ခန့် အိမ်တွင် မုန့်တီ လုပ်စားခြင်း၊ ခေါက်ဆွဲလုပ်စားခြင်းတို့ကို ပြု၏။

ခင်မောင်ဦးနှင့် ထိပ်တင်သည် မောင်မြင့်ကို မောင်မောင်လေးဟု ခေါ်ကြ၏။ ၎င်းတို့၏ မောင်မောင်လေးကိုလည်း အတော်ပင် အားကိုး ရုံမျှနှင့်မက ချစ်လည်းချစ်ကြ၏။

ပြာသိုလ၌ အချိန်ရာသီမဟုတ်ဘဲ ခင်မောင်ဦး၏ ကောက်ရိုး ရိုးဖြတ်ပုံမှ ကောက်ရိုးမှိုများသည် အားရစရာ ပေါက်လာလေပြီ။ ပဲပုစွန် ပင်မှလည်း ပဲသီးများသည် အတော်ပင် သီးလာလေပြီ။

မောင်မြင့်သည် ခင်မောင်ဦးကို နှုတ်မြွက်၍ပင် အတော်ပင် ဤသို့ ချီးမွမ်း၏။ "ခင်ဗျားဗျာ တက္ကသိုလ်က ဘီအက်စီ စိုက်ပျိုးရေးထက် အမြင်သန်တယ်၊ သဘာဝကိုမှီပြီး လုပ်တတ်တယ်။ ကျွန်တော်သာ အာဏာရှင်ဆိုရင် ခင်ဗျားအား ဘီအက်စီ ဘွဲ့ကို ပေးမှာပဲ။ သိပ္ပံက မှိုမျိုးစေ့နှင့်မှ မှိုကိုစိုက်တတ်တယ်၊ ခင်ဗျားကတော့ သဘာဝအလျောက် မှိုကိုရစေတယ်။"

မောင်မြင့်သည် ထိပ်တင်အားလည်း ဤသို့ပြောလေ၏။ "အစ်မ ပဲသီး၊ သံပရာသီး၊ ရှောက်သီးများ၊ မှိုများစတဲ့ ခြံထွက်ပစ္စည်းများတို့ကို အစ်မ မရောင်းနှင့် ငါးချဉ်းစားဝါဒဖြစ်နေမယ်။ ခြံသမားဟာ ခြံလုပ်ခကို သာ ရထိုက်တယ်။ အဲသည်တော့ ဈေးသည်များအား ဖောက်သည်ပေး ပါ၊ သူတို့လာယူကြမှာပေါ့။ ဒါမှ အလုပ်အကိုင် ဖွံ့ဖြိုးကြပြီး (ဆိုရှယ်

mgyoe.com

mgyoe.com


လစ်ဇင်) ဘုံဝါဒဖြစ်မယ်၊ သည်လိုဖြစ်မှ တိုင်းပြည်အေးချမ်းသာယာပြီး စည်ပင်ဝပြောဖွံ့ဖြိုးမယ်"

ခင်မောင်ဦးသည် ၎င်း၏ မောင်မောင်လေးစကားကို အတော်ပင် သဘောကျ၏။ ထိပ်တင်သည်ကား မိန်းမဖြစ်၍ ဉာဏ်ကြွယ်ဝသည့် အတိုင်း ဤသို့ပြော၏။

"မောင်မောင်လေးရယ်၊ သူတို့အား ဖောက်သည်ပေးလိုက်တော့ ဝယ်စားတဲ့လူများမှာ ဈေးကြီးမှာပေါ့"

"အစ်မ၊ အစ်မပြောတာမှန်တယ်၊ သည်ဘုံဝါဒသဘောဆိုတာ အလုပ်ကိုလည်း မျှလုပ်နိုင်အောင် ပြုပြင်ပေးရတယ်။ တစ်ဦးတည်း ချုပ်ကိုင်ကာ လုပ်ခြင်းဟာ ငါးစားဝါဒ သွေးစုပ်ကောင်ခင်ဗျ၊ အဲသည် တော့ လိုချင်တဲ့ ဈေးသည်များအား ကိုယ်ကဈေး သက်သက်သာသာနှင့် မျှပေး၊ သည်တော့ သူတို့ချင်း ပြိုင်ရောင်းလိမ့်မယ်၊ အဲဒီလို အပြိုင်အဆိုင် ရောင်းချနိုင်မှ ဈေးသက်သာပြီး ဈေးနှုန်းကျကာ ဝယ်သူများမှာ သက်သာ နိုင်ပါတယ်။ ကိုယ်တစ်ဦးတည်း ချုပ်၍လုပ်ရင် ဘယ်သူလုပ်လုပ် သွေးစုပ်ကောင်ပဲ"

"မောင်မောင်လေး ကျွန်မမြင်ပြီ"

"ဆိုစမ်းပါဦး အစ်မ"

"ဈေးထဲမှာ ဝက်သားဈေး၊ ဆိတ်သားဈေး၊ ငါးဈေးကြီးမှာပေါ့။ ဝက်သတ်တို့၊ ဆိတ်သတ်တို့ မြူနီစီပယ်က တစ်ဦးတည်း လေလံတင် ရောင်း၊ ပြီးတော့ ဘုံဝါဒသဘော မဟုတ်ဘဲ ကိုယ်တိုင်ရောင်း၊ အခြား သူများဘယ်မှာ ပြိုင်ရောင်းနိုင်တော့မှာလဲ၊ သည်တော့ ဈေးကြီးတာပေါ့၊ တစ်ဦးတည်းပိုင်ဆိုတာ ချုပ်ကိုင်ခြင်းသဘောပဲ၊ ဘုံရောင်းနိုင်မှ ဈေးသက် သာမယ်။

"အစ်မက၊ လက်တွေ့တွေ့လာခဲ့ပြီ"

mgyoe.com

mgyoe.com


"တွေ့ရတယ် မောင်မောင်လေးရယ်။ အင်းတိုင်က ဟောတစ်ဦး တည်း ငါးကိုဆွဲဒိုင်အားချပေးတော့ ငါးဈေးဟာလည်း ဘုံသဘော မရောင်းရလို့ ဈေးကြီးတယ်၊ တစ်ဦးတည်းပိုင်ဟာ သွေးစုပ်ဝါဒ။

"ဟုတ်ပါတယ်"

"မောင်မောင်လေးက ကြက်သတ်တဲ့ မောင်တွေအား ကြက်ဝယ်ဖို့ ငွေရင်းထုတ်ပေးတုန်းက မောင်မောင်လေးဟာ နော် အသားသတ်ပြီး ရောင်းဝယ်တဲ့ လူတွေအား ငွေရင်းပေးတာဟာ အသက်မွေးမကောင်းတဲ့ သူများကို မြှောက်ပင့်ပေးရာရောက်တယ်၊ ဘာသာတရားနှင့် ဆန့်ကျင် တယ်လို့ ထင်မိပါတယ်။ မပြောဝံ့လို့သာနေရတယ်။ လက်စသတ်တော့ ကြက်သားသည်တွေက အပြိုင်ရောင်းနေတော့ ကြက်သားဈေးဟာ မတက်ဘူးပေါ့။"

"အစ်မ အသက်မွေးမကောင်းဆိုတာဟာ ငါ့ဖို့ချည်းသဘောနှင့် အလုပ်လုပ်တဲ့လူ၊ အမြတ်ကြီးစားတဲ့လူ၊ ငွေတိုးများများ ယူတဲ့လူလို့ ကျွန်တော်ယူဆတာပဲ ခင်ဗျာ...။"

ထိုသို့လျှင် သဘောသွားသည် တည်ဖြောင့်နေ၍ အလွန်ဆင်းရဲ လှသော ခင်မောင်ဦးတို့ လင်မယားနှစ်ယောက်သည် သုံးခန်းတဲကြီးတွင် ဓာတ်မီးနှင့် ညအချိန်မှာ နေလာကြရ၍ ၎င်းတို့၏ ဘဝကိုအတော်ပင် သာယာကာရှိလေ၏။ ထိပ်တင်မှာလည်း တစ်ကျပ်သားရွှေလက် ကောက်ကလေးတစ်ရံကို မောင်မြင့်က ဖြည့်စွက်ပေးသဖြင့် ဝယ်လာ နိုင်၍အတော်ပင် ဝမ်းသာအားရနှင့် ရှိနေလေ၏။

မောင်မြင့်၏ ခြံမှာ မောင်မြင့်၏ ခန့်မှန်းရည်ရွယ်ချက်သို့ မရောက် သေးသော်လည်း ကောက်ရိုးမှိုများ၊ ပဲပုစွန်သီးများ၊ အလွန်လှပသော ခရမ်းချဉ်သီးများ၊ ခရမ်းသီးများ၊ သံပရာသီး၊ ရှောက်သီးများထွက်နေ သဖြင့် ခေတ်အလျောက် မောင်မြင့်မှာ တင်းတိမ်အားရခြင်းမရှိစေကာမူ

mgyoe.com

ခင်မောင်ဦးတို့ လင်မယားမှာကား အတော်ပင် စိတ်ကျေနပ်ကာရှိသကဲ့သို့ ဖြစ်နေပေသည်။

မောင်မြင့်သည် မိမိ၏ခြံ၌ စိတ်ချရလောက်သဖြင့် ရန်ကုန်သို့ ရန်ကုန်က မိတ်ဆွေတစ်ယောက်က မှာလွှန်းမက မှာသောကြောင့် သွားရောက်လေ၏။

ထိုအခါ၌ကား ၎င်းသည် ဝိုင်အမ်စီအေတွင် မတည်းဘဲ ၎င်း၏ မိတ်ဆွေချပေးသောနေရာတွင် တည်းနေလေ၏။ ထိုနေရာကား လူပါးသည့် အရပ်တစ်ရပ်ရှိ အိမ်တစ်အိမ်ဖြစ်၏။ ထိုအိမ်မှာ နိုင်ငံခြားသူ မိန်းမကြီးတစ်ယောက်နှင့် နိုင်ငံခြားသူ အပျိုကလေးတစ်ယောက်ရှိ၏။ ၎င်းတို့သည် မြန်မာစကားကို ပီပီသသနှင့် ရေရေလည်လည်ကြီး ပြောတတ်၏။ ၎င်းတို့ကလည်း သူတို့သည် ဗုဒ္ဓဘာသာဟုပြောကြ၏။

မောင်မြင့်သည် ခေတ်သစ်၌ ရှေ့သို့ဖြောင့်ဖြောင့်တန်းတန်း တန်း၍ သွားနေသည်ဟု သူ့ကိုယ်ကိုထင်နေ၏။ ၎င်းသည် ထိုနိုင်ငံခြားသူ မိန်းမကြီးနှင့် အပျိုကလေးက သူတို့သည် ဗုဒ္ဓဘာသာဟု ပြောသော်လည်း နားတွင်ကြားရုံသာဖြစ်၏။ ၎င်း၏ စိတ်၌ ဤသို့သော သဘောဖြစ်နေ၍ အချို့ အချို့ နောက်ကို ပြန်ကြည့်နေသော သူများနှင့် စကားချင်းမကူးသာသလို ဖြစ်၏။

မောင်မြင့်၏ စိတ်၌ ဤသို့ဖြစ်၏။

နိုင်ငံခြားမှ ငါတို့၏ မြန်မာပြည်သို့ ချစ်ကြည်ရေး ဧည့်သည်တော်များသည် ခဏခဏရောက်ပေါက်လာ၏။ ရောက်ပါသော ဧည့်သည်တော်တိုင်းသည် အာဇာနည်ဗိမာန်သို့ သွားရောက်ကာ လွမ်းသူ့ပန်းခွေကို ချကြ၏။ ဤကား လူပေါ် လူက လှည့်စားနည်းဖြစ်သည့် ရုပ်ဝါဒ သဘော။ ရုပ်ဝါဒသဘောကို မသိသော်၊ မရိပ်မိသော် သူ့ထီးမိုးဖြစ်နိုင်သည်။ ထိုသူတို့အားလုံးလောက်ပင် ရွှေတိဂုံစေတီတော်သို့ အလှူငွေ

mgyoe.com


ထည့်ကြခြင်းများ၏။ ၎င်းတို့အားလုံးသည် ဗုဒ္ဓဘာသာ မဟုတ်နိုင်ချေ။ အချို့မှာ ဘာသာမရှိသော ရုပ်ဝါဒသမားသက်သက်များပင် ဖြစ်ကြ၏။ ထို့သဘောသည်လည်း ငါတို့ကို သက်သက်လှည့်စားရာရောက်သည်။ ငါတို့သည် သူ့ခြေကို မမြင်သော် သူ့ခြေအောက်သို့ရောက်မည်။

ယခုလည်း ဤအိမ်ရှိနိုင်ငံခြားသူနှစ်ယောက်သည် သူတို့ ဗုဒ္ဓဘာသာဟုဆိုရုံမက ရွှေချထားသော ရုပ်ထုတော်လည်းရှိသည်။ မြန်မာ ဗုဒ္ဓဘာသာအိမ်များမှာကဲ့သို့ ညောင်ရေအိုးလည်းရှိသည်။ ညမှာ မီးပွင့် အနီ၊ အစိမ်းစသည်တို့ဖြင့်လည်း ပူဇော်သေးသည်။ သူတို့သည် ဗုဒ္ဓဘာသာဆိုသော် ဤသို့ပြုရာသလော။ ညောင်ရေအိုးရှိမှ ဗုဒ္ဓဘာသာ လား၊ ဘုရားမီးပူဇော်မှ ဗုဒ္ဓဘာသာလား။

"ငါ့ကိုလှည့်စားသလောက် လှည့်စားသော် ဘာကြောင့် လှည့်စား ရသလဲ၊ အကြောင်းတစ်ခုတော့ ရှိရမည်"

မောင်မြင့် ထိုကဲ့သို့ထင်သည့်အတိုင်း ယူဆစရာလော။ ထိုအိမ်ရှိ နိုင်ငံခြားသူ မိန်းမပျိုကလေးသည် မောင်မြင့်ကို ကျကျနနပြုံးပြုံးကြည် ကြည်နှင့် ဧည့်ဝတ်ပြုသည်။ ညဥ့်အချိန်မှာလည်း မြန်မာမကလေး တစ်ယောက်ကဲ့သို့ မောင်မြင့်အတွက် အိပ်ရာ အိပ်ခင်းကို ပြင်ဆင်သည်။ တယုတယနှင့် ခြင်ထောင်ကိုပင် လာရောက်ချပေးသည်။ စားကောင်း သောက်ဖွယ်တို့ကို အထူးပြုသည်။

နောက်တစ်နေ့ နံနက်သော် ၎င်း၏ မိတ်ဆွေသည် ရောက်လာ သည်။ ရောက်လာ၍ နှုတ်ဆက်ပြီးနောက် ချက်တစ်ခုကို ထုတ်ပေး သည်။ မောင်မြင့်သည် မျက်လုံးဝိုင်း၍ ဤသို့စကားဆိုသည်။

"ဘယ့်နှယ်ချက်လဲ"

"မိတ်ဆွေရေးတဲ့စာအုပ်ဟာ ထင်တာထက် ခရီးရောက်နေပါ တယ်၊ ဒါကြောင့် နောက်ထပ်ကျေးဇူးပြုပါတယ်"

mgyoe.com

"ဟာ… ခင်ဗျားအား ဟိုအခါက အပြီးအပိုင် ပြောခဲ့ပါပကော၊ လက်ခံရင် ကျွန်တော် ငွေငမ်းရာကျနေမှာပေါ့"

"ကျွန်တော်တို့က ကျေးဇူးမသိတတ်ရင် ကျွန်တော်တို့ ကန်းမိုက်ရာရောက်ပြီး လူစဉ်းလဲဖြစ်နေမှာပေါ့။ ဒါကြောင့် လက်ခံပါဗျာ"

မောင်မြင့်သည် ထိုသဘောကို အနုလုံ၊ ပဋိလုံအပြန်ပြန် အလှန်လှန် ခဏတာစဉ်းစားပြီးနောက် ငါသာမန်လူလားဟု တွေးဆ၍ ထိုချက်ကို လက်ခံလိုက်လေ၏။ မောင်မြင့်၏ ထိုမိတ်ဆွေ နိုင်ငံခြားသားလည်း နယ်ချဲ့အကြောင်းရေးပါဦးဟု တိုက်တွန်းပြန်၏။

မောင်မြင့်သည် ရုတ်တရက် ကတိမပေးဘဲ စိုင်ကာနေ၏။ မောင်မြင့်၏ မိတ်ဆွေလည်း ထပ်တလဲလဲပင် တောင်းပန်နေ၍ မောင်မြင့်သည် အင်းခပ်လိုက်၏။ ထိုသူလည်း စရန်ငွေဟုပေးရန် ချက်ကိုရေးတော့မည်ပြုသည်တွင် မောင်မြင့်သည် ဤကားမသင့်ဟု တိတုံးတုံးပြော၍ စရန်ငွေကိစ္စသည် အေးသွားလေ၏။ ထိုသူလည်း ပြန်သွား၏။

ထိုအိမ်မှ မိန်းမပျိုကလေးသည် တော်တော့ကို ချောလှ၏။ အပြောအဆိုမှာလည်း အလွန်ပင်ယဉ်ကျေးသိမ်မွေ့၏။ အမူအရာမှာလည်း မောင်မြင့်ကို ချူသကဲ့သို့ရှိနေ၏။ ၎င်း၏ ကိုယ်၌ ဝတ်ထားသည်မှာ ကိလေသာမကင်းသော ယောကျ်ားတို့ကို မည်သည့်နည်းနှင့်မျှ မလွတ်သာအောင် ဆွဲဆောင်နေသကဲ့သို့ ဖြစ်၏။ မောင်မြင့်သည် သာမန်ပုထုဇဉ်သားဖြစ်သည့်အတိုင်း ထိုလှပတင့်တယ် ရှုမငြီးဖွယ်သော မိန်းမပျိုမကလေး၏ ကွင်းထဲသို့ မဆင်းမိဘဲ အဘယ်သို့လျှင် ရှိနိုင်ပါအံ့နည်း။

သြော်… မ၊ မ၊ မ…။

မောင်မြင့်ကား သိပ္ပံပညာ၌ ကောင်းစွာလေ့လာပြီးလျှင် တတ်ကျွမ်းသူဖြစ်၍ ထိုကဲ့သို့ မကိစ္စနှင့် ပတ်သက်ချေသော် အတတ၊ နတတ

mgyoe.com

mgyoe.com

ဟု ယူဆဖွယ်ဖြစ်၍ မိန်းမက ဖြားယောင်းတိုင်း ညွတ်ပျောင်းတတ်သည်ဟု အချို့ကယူဆသည်အတိုင်း မှန်ရာသလော၊ အချို့ကလည်း သိပ္ပံပညာကို တကယ်ကျကျနန လိုက်စားလေ့လာသော် ကြောင်တောင်တောင်ဖြစ်၍ မိန်းမကို မိန်းမဟု မထင်တတ်ဟု ပြောနေကြသည်အတိုင်း ယူဆရာသလော။

အချုပ်သဘော၌ မောင်မြင့်သည် ကြောင်းကျိုးကို ဆင်ခြင်၍ တိုင်းထွာသုံးသပ်တတ်လေ့ရှိသည်အတိုင်း ဗုဒ္ဓဘာသာစာပေကျမ်းဂန်များကို တော်တော်လေ့လာလိုက်စားသည်နှင့်အညီ ဤသို့သဘောပေါက်ကာ ယူဆမိလေ၏။

ဘုရားလောင်း ဥဒေါင်းမင်းသည် မုဆိုး၏ ညွတ်ကွင်း အတွင်း၌ အဘယ်ကြောင့် အမိခံရသနည်းဟူသော သင်ခန်းစာသည် ပေါ်လာ၍ မတို့၏ အဆင်းအနံ့၊ အသံ၊ ဟန်အမူအရာတို့သည် ညွတ်ကွင်းသာပါတကားဟု စိတ်ကို မတင်းဘဲနှင့်ပင် ခပ်အေးအေးနေလေ၏။

၎င်းသည် အဘယ်ကြောင့် ငါ့ကို ဤသူတို့သည် မိန်းမနှင့် ကွင်းထောင်ဖမ်းလေဘိသနည်း။ ၎င်းတို့၏ ဝါဒတိုက်ပွဲတွင် ငါ့ကို စစ်မှူးအဖြစ်နှင့် အသုံးလိုဟန်ရှိသည်။ အတော်ပင် နိုင်ငံခြားသားများသည် လူပေါ် လူညွှန့်ခူးသူများဖြစ်သည်။ ငါသည် ငါ့သဘောအတိုင်းသာလျှင် လမ်းသွားနိုင်မည်ဟုယူဆကာ သူတည်းသော အိမ်ရှင်မိန်းမကြီးနှင့် အပျိုမယ်ကို ရွှေရွှေဖော်ဖော်ပင် စကားမပြောချေ။

ထိုသို့နှင့်ပင် မောင်မြင့်သည် ရန်ကုန်မှ ပြန်လာရာ မီးရထားနှင့် မပြန်ဝံ့သဖြင့် ရန်ကုန်မှပြည်သို့ မီးရထားစီး၍ ပြည်မြို့မှ သင်္ဘောပေါ်သို့ ညတွင်းပင် ဆင်းအိပ်လေ၏။

နံနက်လင်းသော် ၎င်း၏နေရာနှင့်ကပ်၍ပင် အမျိုးသမီးနှစ်ယောက်ကို တွေ့ရလေရာ မောင်မြင့်သည် ထိုအမျိုးသမီးနှစ်ယောက်ကို

mgyoe.com

mgyoe.com


မြင်ဖူးပါသည်ဟု စဉ်းစား၏။ အမျိုးသမီး နှစ်ယောက်ကကား ၎င်းကို လုံးဝ ဂရုပြုပုံမပေါ်ချေ။

မောင်မြင့်သည် သတိရမိလာလေပြီ။ ၎င်းသည် ဟိုအခါက မုံရွာမှ ပြန်အလာတွင် မော်တော်ဘုတ်ပေါ်၌ ရှုမဆုံးတဲ့ မိဖုံးကြွယ်တို့တွင် ယောကျ်ားများပေါသည့်အကြောင်း၊ ယောကျ်ားများကို ခေတ္တအသုံးပြုမည်ဆိုသော်လိုသလိုရမည့် အကြောင်းတို့ကို ယုတ်တည့် ယုတ်မာပြောသည့် အမျိုးသမီးတစ်ယောက်ကို မှတ်မိသည့် သဘောနှင့် စဉ်းစားရမိ၍ အထူးသတိပြုကာ တည်တည်ပင်နေ၏။

၎င်း၏နေရာ တစ်ဖက်တွင်ကား ယောကျ်ားသုံးလေးယောက်သည် တန်း၍ပါလာ၏။ ၎င်းတို့သည် နံနက် လက်ဖက်ရည်သောက်၊ မုန့်စားကြပြီးသော် နိုင်ငံရေးဝါဒအကြောင်းတို့ကို ပြောကြ၍ အရင်းရှင်၊ အမြတ်ကြီးစား၊ သွေးစုပ်ကောင်ဆိုသော သဘောသို့ ရောက်သွားကြပြီးသော် မိမိတို့ သဘောရှိသည်ကို မပြီးမပြတ်နိုင်ဘဲ ငြင်းခုံနေကြလေ၏ ။

ထိုအခါ မောင်မြင့်သည် နားထောင်ကာသာ မနေသာဘဲ ဤသို့ လျှင် ဝင်ကာ တောလေတော့၏။

"ခုခင်ဗျာ... ကျွန်တော်တို့နိုင်ငံတော်မှာ သောင်းကျန်းများ ပေါ်ပင် အဖြစ်နှင့် ပေါ်နေ၍ မီးရထားတောင် ညမှာမခုတ်ဝံ့တာဟာ ဘာကြောင့် လဲခင်ဗျာ၊ ဘာဝါဒကြောင့်ပါလဲ"

ထိုအခါ ဘာဝါဒ၊ ညာဝါဒနှင့် လှိုင်နေကြသော သူတစ်စုသည် ရပ်သွား၍ တစ်ယောက်က ကိုင်းပြောလေဟု ဆိုလေ၍ ငြိမ်ချက်သား ကောင်းနေလေတော့၏။

မောင်မြင့်သည်ကား ဤသို့ စကားဆိုတော့၏။

"ကျွန်တော်ကတော့ ဘယ်ဝါဒ ကောင်းတယ်လို့ မဆိုလိုပါဘူး။

mgyoe.com

mgyoe.com


သဘောကိုကား ခင်ဗျားတို့ စဉ်းစားဖို့ ပြောရလိမ့်မယ်"

"ကိုင်း ပြောစမ်းဗျာ..."

"နည်းနည်းတော့ ရှည်လိမ့်မယ်ဗျာ၊ အစကနေပြီးလှန်ရလိမ့်မယ်"

"ဟုတ်ကဲ့"

"ဥရောပတိုက်မှာ စက်မှုလက်မှုတွေ ထွန်းကားလာတော့ တစ်ပြည်နှင့် တစ်ပြည်အတူတူလိုဖြစ်နေခြင်းကြောင့် အကျိုးစီးပွား ဖြစ်ထွန်းလာအောင် ဆက်ဆံရောင်းဝယ်ဖို့ ခက်နေတယ်ဗျ"

"ကိုင်း ဆိုပါ"

"အဲသည်တော့ သူတို့ဟာ သူတို့ရဲ့ တိုင်းပြည်လူမျိုး အလုပ်သမားစသည့်ဖြင့် အသီးသီးအတွက် ကုန်ရိုင်းရဖို့နှင့် ဈေးရောင်းဖို့ ဈေးကွက်ရှာကြရလိမ့်မယ်"

"ဟုတ်တယ်ဗျ၊ ဒါကိုတော့ ငြင်းစရာမရှိဘူး"

ထိုအခါ ဟိုအခါတုန်းက မော်တော်ဘုတ်ပေါ်တွင် အတော်ပင်မတော်မလျော်ပြောသော အမျိုးသမီးသည် စိုက်ကာ နားထောင်၍ မောင်မြင့်ကို အကဲခတ်နေလေ၏။ မောင်မြင့်ကား ဆက်ကာဤသို့ ပြောပြန်လေ၏။

"သည်လိုနှင့် ဥရောပတိုက်သားများဟာ ကုန်ရိုင်းနှင့် ဈေးကွက်ကိုအလိုရှိကြလို့ရှာတော့ ပင်လယ်ပြင်၌ အတော်ပင် ကျွမ်းကျင်သောအင်္ဂလိပ်လူမျိုးများက ကမ္ဘာပတ်မိလောက်အောင်ပင် အဝေးနိုင်ငံများကိုရမိသွားတယ်။ ဒါကြောင့် အဲသည်ခေတ်တုန်းက ဗြိတိသျှ ပြည်ထောင်စုကြီးဟာ တန်ခိုးအကြီးဆုံးလောက်ပဲ"

"ရှင်းရှင်းနှင့် အတိုချုပ်လောက်ပေါ့ဗျာ၊ အင်္ဂလိပ်ဟာ မြန်မာပြည်နှင့် အိန္ဒိယကြီးကို အုပ်ချုပ်မိတော့ ကုန်ရိုင်းများကို လိုသည်ထက် ပိုမိုရနေပြီး သူ၏ ဈေးကွက်ကောင်းကြီး ဖြစ်နေလေတော့ အင်မတန်

mgyoe.com

mgyoe.com


ကြွယ်ဝကောင်းစားတဲ့ နိုင်ငံကြီးပေါ့"

"ဟုတ်ကဲ့"

"ပြင်သစ်ကတော့ အင်ဒိုချိုင်းနား ကျွန်းဆွယ်အရှေ့ပိုင်းကို စိုးပိုင် အုပ်ချုပ်မိတာနှင့် သူလည်း ချမ်းသာကြွယ်ဝကောင်းစားတဲ့ နိုင်ငံကြီးပေါ့၊ သည်လိုပဲ ခုခေတ်အခေါ် နယ်သာလန်ဆိုတဲ့ ဟော်လန်နိုင်ငံကလည်း အရှေ့အိန္ဒိယကျွန်းဆွယ်ကို အုပ်ချုပ်မိတာနှင့် ချမ်းသာကြွယ်ဝတဲ့ နိုင်ငံပေါ့"

"အမေရိကန်ကတော့ ဒေါက်တာဆွန်ရက်ဆင်ဟာ အမေရိကန် နိုင်ငံကို အခြေပြုပြီး တရုတ်ပြည်ကြီးကို သမ္မတနိုင်ငံဖြစ်အောင် ပြုပြင် ပြောင်းလဲနိုင်တော့ တရုတ်ပြည်မှာ ဈေးကွက်တစ်ခု ဆိုသလို အခြေစိုက် မိလာတယ်။ ဒါပေမဲ့ စလုံးရေ စလောက်ပဲ ပြုပြင်နိုင်သေးတယ်"

"သည်လို ဥရောပနိုင်ငံများဟာ အာရှနှင့် အာဖရိကတိုက်တွင် စီးပွားရေးနယ်ချဲ့ကာ အုပ်ချုပ်ပြီး မိမိတို့ တိုင်းပြည်လူမျိုးအတွက် ကောင်း စားအောင် ဆောင်ရွက်နေကြတယ်"

"သည်အခါမှာ ဂျာမန်ဟာ အင်္ဂလိပ်များ၊ ပြင်သစ်များကောင်းစား တာကို မကြည့်နိုင်တာနှင့် အတိုချုပ်ပေါ့ဗျာ၊ ပထမကမ္ဘာစစ်ကြီး ဖြစ်ရ တယ်။ အဲသည်အချိန်မှာ အင်္ဂလိပ်ဟာ ကမ္ဘာ့ပင်လယ်ပြင်ကို အုပ်ချုပ် နေသလိုပဲ တည်နေတော့ တန်ခိုးကြီးပေါ့"

"သည်အခါမှာ ဂျာမနီ၊ တူရကီ၊ ရုရှတို့ကတစ်ဖက်၊ အင်္ဂလိပ် ပြင်သစ်၊ အမေရိကန်စတဲ့ အခြားနိုင်ငံတို့က မဟာမိတ်ဟူ၍ ဖြစ်ပေါ်လာ တယ်။ နောက်ပိုင်းမှာ ရုရှားက မဟာမိတ်များရဲ့ဘက်သို့ ပါဝင်လာ တယ်"

"အင်း... အင်း ဒါကို အထူးသတိပြုစရာပဲ"

"သည်လိုနှင့် ပထမကမ္ဘာစစ်မှာ မဟာမိတ်ကပဲ နိုင်တယ်လို့

mgyoe.com

mgyoe.com


စက္ကူစာမှာတော့ ထွက်ပေါ်လာတာပဲ၊ ဒါပေါ့"

"ကိုင်းဗျာ၊ စိတ်ပါဝင်စားစရာ ပြောစမ်းပါဦး"

ဟိုတုန်းက ဖဲဖဲကြဲ အမျိုးသမီးသည်လည်း လက်ဖက်ရည်၊ မြည်း စရာများနှင့် ထိုဝိုင်းသို့ရွှေ့လာကာ သုတေသီအဖြစ်နှင့် တည်နေလေ၏။

"စစ် ဆိုတာဟာ စင်စစ်တော့ လူချင်း သတ်ပွဲပါပဲ။ ဘာကြောင့် လဲ။ ဂုဏ်ရေး၊ တန်ခိုးရေး၊ အုပ်စိုးရေးကြောင့် လူအချင်းချင်း သတ်နေရ တဲ့ပွဲကြီးပါ။ စစ်အေးတိုက်ပွဲဆိုတဲ့ ဝါဒတိုက်ပွဲဟာလည်း အေးအေးနှင့် တဖွဲဖွဲ ဆောင်းဥတုမိုးလို လူများကို နေ့တိုင်း သတ်နေတာပါပဲ"

"မှန်လိုက်လေဗျာ... မှန်တယ်" (ဖဲဖဲကြဲ အမျိုးသမီးသည်ကား အထူးစဉ်းစားသကဲ့သို့ ရှိနေ၏။)

"အဲသည် ပထမကမ္ဘာစစ်ကြီး ပြေငြိမ်းလို့ ဆွစ်ဇာလန်ပြည် ကြား နိုင်ငံ ဂျီနီဗာမှာ စာချုပ်ကြတော့ သည်လိုဗျ"

"အင်္ဂလိပ်က ပင်လယ်ပြင်မှာ အုပ်စိုးလွှမ်းမိုးတာကို လျှော့ရတယ်။ မည်သည့် ဥရောပတိုက်သားနိုင်ငံကမဆို ကမ္ဘာ့ပင်လယ်ပြင်တွင် လွတ်လပ်စွာ သွားလာခွင့်ကို အခွင့်ပြုရမယ်။ (ဒါဟာ ပင်လယ်ပြင်ကို အုပ်စိုးနေတဲ့ အင်္ဂလိပ်ရဲ့တန်ခိုး လျော့ကျခြင်းပဲ။)

ဥရောပတိုက်သားများဟာ မိမိတို့ရဲ့ အာရှ၊ အာဖရိက၊ အမေရိက နိုင်ငံများရှိ အဝေးနိုင်ငံ (ကိုလိုနီအဖြစ် နယ်ချဲ့ကာ အုပ်စိုးထားတဲ့ တိုင်း ပြည်များ) များအား ကိုယ်ပိုင်အုပ်ချုပ်ရေးကို တစ်စတစ်စ တိုးတက်ပေး သွား၍ ဆယ်နှစ်ရှိသော် ကိုယ်ပိုင်အုပ်ချုပ်ရေး (ဟုမ်းရူးလ် -Home Rule) အစစ်ကို ပေးရမယ်။

("ဒါဟာ ဥရောပတိုက်သားအားလုံး အာဏာလျှော့ကျခြင်းပဲဗျ")

"အင်း... အင်း"

ဂျာမနီမှာ ရှင်ဘုရင်အုပ်စိုးမှု ပျက်သွားပြီး သမ္မတနိုင်ငံဖြစ်လာ

mgyoe.com

mgyoe.com


တယ်။ ၎င်းရဲ့ အာဖရိကနှင့် တရုတ်ပြည်မှာရှိတဲ့ ကိုလိုနီနိုင်ငံများဟာ ဆုံးပါးသွားတယ်။ တူရကီဟာ ဥရောပတိုက်သားဆိုရုံသာ တိုင်းပြည်ကလေး တည်ကျန်ရစ်တယ်။ ရုရှားနိုင်ငံမှာ၊ ဖင်လန်၊ ပိုလန်တို့ဟာ ကွဲထွက်သွားတယ်။ အဲသည်တော့ စစ်ဖြစ်ရတဲ့ နိုင်ငံတွေဟာ ရှုံးကြတာပဲ။ စစ်ဖြစ်သူ အားလုံးဟာ အရှုံးထွက်တယ်"

"ဟုတ်ပါပေတယ်"

"အမေရိကန်နိုင်ငံမှာတော့ ကိုလိုနီနိုင်ငံရယ်လို့ ထင်ရှားစွာ မရှိလေတော့ အရှုံးရယ်လို့မပေါ်ဘဲ တရုတ်ပြည်မှာ ဈေးကွက်ဟာ တောင့်တင်းလာတယ်။ ဂျပန်ကတော့ စစ်ဖြစ်သည်အတွက် ပထမတန်းနိုင်ငံထဲမှာပါပြီး စီးပွားရေးအမြတ်ထွက်လာတယ်။ အဲသည်တုန်းက ဂျပန်ပြည်မှာ တစ်ဆယ်တန် ရှယ်ယာတစ်ခုဟာ တစ်ရာတန်သွားတယ်"

"သည်လိုကိုး"

"နောက်လည်း သည်နိုင်ငံများရဲ့ စီးပွားရေး၊ စိုးမိုးရေးကို အဓိကထားပြီး ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာတယ်။ ဒါပေမဲ့ အမေရိကန်နှစ်တိုက်လုံးဟာ စစ်ဇာတ်ရုံနှင့် လွတ်ကင်းနေတာပဲ"

"အင်း... အင်း"

ဒုတိယ ကမ္ဘာစစ်ကြီးပြီးတော့ ကမ္ဘာစာချုပ်အရ ဥရောပတိုက်သားများရဲ့ ကိုလိုနီနိုင်ငံအားလုံးလောက်ပင် ကိုယ့်မင်း ကိုယ့်ချင်းနှင့် လွတ်လပ်သောနိုင်ငံအဖြစ်ကို ရကြရတယ်။ ဂျပန်ဟာ တရုတ်ပြည်မှာ သူပိုင်ထားတဲ့ နယ်များကို ပြန်ပေးရတဲ့ အပြင် ဖော်မိုဆာ၊ ကိုရီးယားပြည်များကို လက်လွှတ်လိုက်ရပြီး အထီးတည်း ဖြစ်သွားတယ်။ အမေရိကန်နိုင်ငံဟာ တရုတ်ပြည်မှာ ကွန်မြူနစ်ရဲ့ ကျူးကျော်ကာ အမြစ်စွဲခြင်းကို ခံလိုက်ရပြီး သူ့ဈေးကွက်ကြီးကို လက်လွှတ်လိုက်ရတယ်။ ရုရှားဆိုဗီယက်ဟာ ထောင်လာတယ် ထင်ရပေမဲ့၊ ဥရောပစပါးကျီကြီး ဆိုတဲ့

mgyoe.com

mgyoe.com


ယူကရိန်းနယ်ကြီးဟာ ပျက်စီးသွားပြီး ဥရောပအနောက်ပိုင်းမှာ ဈေးသည်အဖြစ်မှ လက်လွှတ်လိုက်ရတယ်။

"ကိုင်း ဒုတိယကမ္ဘာစစ်သည် တောင်သမ္မှုကို လဲစေသလိုပဲ ဖြစ်သွားတာပဲ။"

"အင်း... အင်း"

"အဲသည်တော့ နိုင်ငံကြီးတိုင်းဟာ သူတို့ရဲ့ အသံက ကမ္ဘာမှာ ကြားကောင်းအောင် ဘယ်လိုပင်ပြောနေကြပေမဲ့ သူတို့ရဲ့ တိုင်းပြည် နိုင်ငံနှင့် တိုင်းသူပြည်သား အကျိုးကိုသာ ကြည့်ပြီး ဈေးကွက်ရှာနေကြတာချည်းပဲ။ ကြည့် သူတို့ရဲ့ နိုင်ငံက ဘယ်လိုကုန်ပစ္စည်းတွေ ကျွန်တော်တို့ရဲ့ နိုင်ငံသို့ထွင်းဖောက်ဝင်ရောက်လာတယ်ဆိုတာကို ကြည့်ဗျာ၊ နောက်ဆုံးမှာ ခဲတံ၊ ပေတံ၊ ကွန်ပါသေတ္တာ၊ ဖောင်တိန်၊ မင်အိုးကစပြီး သွင်းတာကိုကြည့်။"

ထိုအခါ အမျိုးသမီး ဖဲဖဲကြဲသည် တည်တည်နှင့်ပင် "မှန်တယ်ရှင်၊ ဟုတ်တယ် ကျွန်မတို့ လက်တွေ့ ကိုယ်တွေ့မြင်နေရတာကို သတိမထားမိကြဘူး"ဟု ဝင်ကာစွက်ဖက်သည့်သဘောနှင့် ပြောလေ၏။

မောင်မြင့်လည်း လက်ဖက်ရည်ဖန်တစ်ခွက် သောက်ပြီးသော် ဤသို့လျှင် ဆက်ကာ ပြောပြန်၏။

"ဒါနှင့်ပဲ သူတကာ့တိုင်းပြည်ကို ဖောင်းပွလာအောင် ကမ္ဘာ့လူထု ကောင်းစားအောင် ဆောင်ရွက်လာပါဟု ဝါဒကို သွတ်သွင်းတာဟာ သဘောဘယ်လိုဆိုတာကို သိသင့်ကြတယ်။ လက်လုပ်လက်စား၊ တောင်သူလယ်သမား၊ ယာသမားဆိုတာတွေက မသိတာကို နောက်ထား၊ ခေတ်စာပေတတ်ဆိုတာတွေက အဟုတ်အဟက်ထင်နေခဲ့ရင် ဘာဖြစ်မယ်ဆိုတာကို စဉ်းစားကာသဘောပေါက်သင့်တယ်ဗျာ။ "ငြိမ်းချမ်းရေးဆိုတာကိုယုံတဲ့ လူထက် အ တာဟာ မရှိဘူးဗျ"

mgyoe.com

mgyoe.com


(ဖဲဖဲကြဲ အမျိုးသမီးသည် တော်တော်ပင် စဉ်းစားသကဲ့သို့ ရှိနေ၏။)

"အကယ်တည့် ကျွန်တော်တို့ တိုင်းပြည်အား စေတနာတကယ်ရှိတယ်ဆိုရင် ဖောင်တိန်အလုပ်ရုံ၊ ခဲတံအလုပ်ရုံ၊ စက်ဘီးအလုပ်ရုံကလေးတို့လောက်ကို ဖြစ်မြောက်အောင် ဖဆပလအစိုးရအား ကူညီနည်းပြပေးစမ်းပါလား။ အဝေးကြီး။ ဒါနှင့်ပဲ နိုင်ငံခြားပါရဂူများကို အားကိုးတာဟာ အားရကြဖွယ် မတူသေးဘူးဗျာ။"

"ဟုတ်တယ်၊ ဟုတ်တယ်... ဟုတ်ပါတယ်"

"တစ်ခု၊ သေသေချာချာ စဉ်းစားရမယ်ဗျ။ ကျွန်တော်တို့ မြန်မာများဟာ နိုင်ငံခြားက သဘောများကို အတော့်ကို အမွန်အမြတ်ထားပြီး အတုယူဆရာတင်တယ်ခင်ဗျာ။ ဒါကို ကျွန်တော်ကတော့ ဘယ်လိုမျှ မဝေဖန်ပါဘူး။ နောက်ကျနေတဲ့ လူမျိုးများ စရိုက်လို့ ယူဆပါတယ်။ "ငြိမ်းချမ်းရေးဆိုတာကို ယုံတဲ့လူအ၊ လူနု၊ လူဖျင်းတွေကို ကြည့်ဗျာ..."

"အင်း"

"အတုယူတန်ယူရပါတယ်၊ ဆရာတင်တန် တင်ရပါတယ်။ သို့သော် သံသရာမရှိတဲ့ သူများရဲ့ သဘောအား သွတ်သွင်းတာကို ကိုယ့်တိုင်းပြည် သဘာဝနှင့် ကိုက်မကိုက်၊ လျော်မလျော်ကို မတည်းဖြတ်ဘဲထားရင် ကျွန်တော်တို့အမှားများနှင့် တွေ့ရမှာ သေချာတယ်ဗျာ"

"မိတ်ဆွေ သံသရာမရှိဆိုတာက ဘယ်လို၊ ဘယ်လိုလဲဗျာ"

"တချို့ပညာရှိများက သေသွားရင် ဘုရားကို ကြည်ညို ဆုတောင်းခြင်းမြဲသူဟာ ကောင်းကင်ဘုံရောက်သွားပြီး ဘုရားသခင်အနားမှာ စည်းစိမ်ချမ်းသာနှင့် နေရမယ်၊ ဘုရားသခင်ကို မယုံကြည်၊ မကြည်ညိုသတိမရတဲ့လူဟာ ထာဝရငရဲမှာ ကျက်ရမယ်လို့ ဆိုတယ်။ တချို့ပညာရှိက ငရဲဆိုတာ ခြောက်စာ၊ ထာဝရကောင်းကင်ဘုံဆိုတာ မြှောက်

mgyoe.com

mgyoe.com


စာ အလကား။ တိရစ္ဆာန်က တိရစ္ဆာန်ပေါက်ဖွားတယ်၊ လူက လူ ပေါက်ဖွားတယ်။ သေရင် ဘဝဆုံးပြီ။ ဘာမှ ဆက်မဖြစ်ဘူးလို့ ဆိုကြပါတယ်"

မောင်မြင့်နှင့် စကားပြောနေသော လူသုံးယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးနေ၏။ ဖဲဖဲကြဲ ရဲရဲတောက် အမျိုးသမီးကား ထိုစကားကို မကျေမနပ်သည့် သဘောနှင့် ကြည့်ကာနေ၏။ မောင်မြင့်ကား ဆက်၍စကား ဤသို့ဆို၏။

"သည်လိုဆိုရင် ဘုရားဝတ်မှန်မှန်ပြုဆုတောင်း၊ ဘာကြောင့် သူတစ်ပါးရဲ့ အကျိုးကို ဆောင်တော့မှာလဲ၊ ဘာကြောင့် ကိုယ်ကျင့်တရားကောင်းရတော့မှာလဲ။ ဘုရားဝတ်ပြု ဆုတောင်းတာဟာ ကိုယ်ကျင့်တရားမဟုတ်ဘူးဗျ။ သေသွားရင် ဘဝဆုံးရော့ဆိုတဲ့ သူများဟာလည်း သည်လိုပဲ။ ကိုယ်ကောင်းဖို့၊ ကိုယ့်သားသမီး ဆွေမျိုးကောင်းဖို့၊ ကိုယ့်တိုင်းပြည် ကောင်းဖို့သာ ရှိမှာပေါ့။ အဲသည်တော့ သည်လို လူစားတို့ရဲ့ အသံဟာ ကမ္ဘာမှာ နှစ်သိမ့်စရာ အင်မတန် ကောင်းပေမဲ့ သူတို့အကျိုးအတွက်သာ ဟုတ်မဟုတ်ကို သတိထားပြီး စဉ်းစားသင့်တယ်ဗျာ။"

"ဟုတ်ပါတယ်"

"ဒါကြောင့် အဲသည်လို လူများရဲ့ တိုင်းပြည်မှာတော့ အေးချမ်းသလို ရှိပေမဲ့၊ ကမ္ဘာမှာ သူတို့ရဲ့စကားကို သဘောကျတဲ့ သူများအားရှိလောက်၊ တစ်ထောင့်ကစီခနဲ၊ တစ်ထောင့်က ကြွက်ခနဲ၊ တချို့တိုင်းပြည်မှာ တိုင်းရင်းသားချင်း နေ့စဉ်သတ်ပွဲဖြစ်နေရတယ်။ သည်လိုတိုင်းပြည်တွေဟာ မတိုးတက်၊ မကောင်းစားဘဲ... ဒါလောက်ပဲ စဉ်းစားကြဗျာ..."

ထိုသို့နှင့်ပင် မောင်မြင့်သည် ထိုလူသုံးယောက်နှင့်စကားပြောအဖွဲ့ကျပြီးသော် ထမင်းဝိုင်းဖွဲ့ကာ စားကြလေ၏။ ဖဲဖဲကြဲ အမျိုးသမီး

mgyoe.com

mgyoe.com


သည်လည်း မောင်မြင့်ပြောစကားအချို့ကို သဘောမကျ၍ ဧင်း၏ အဖော်များနှင့် ထမင်းစားကြလေ၏။

မောင်မြင့်နှင့် အဖော်ပြု၍လာသော လူသုံးယောက်သည် အောင်လံသို့သဘော်ဆိုက်တော့ ဆင်းသွားကြလေ၏။

နောက်တစ်နေ့နံနက်သော် ကော်ဖီနှင့်မုန့်များကို သောက်စားပြီးသော် ဖဲဖကြဲအမျိုးသမီးကပင် စတင်၍ မောင်မြင့်အား ဤသို့စလေ၏။

"ရှင့်ကို ကျွန်မမေးချင်တာရှိတယ်ရှင့်"

"မမေးရင် အကောင်းဆုံးထင်တာပဲဗျာ"

"အို... ဘာကြောင့်လဲရှင်"

"လူဆိုတာ မိတ်ဆွေမဖြစ်ချင် ရှိပါစေ၊ တစ်ယောက်နှင့် တစ်ယောက် အထင်အမြင်သေးရင် မကောင်းဘူးခင်ဗျာ"

"ဘယ့်နှယ် အထင်အမြင်သေးရမှာလဲရှင်"

"အစ်မကမေးရော၊ ကျွန်တော်က ပြောရော၊ သဘောမကျတော့ အထင်အမြင်လွဲမှားမယ် မဟုတ်လားခင်ဗျာ"

"ကျွန်မမှာ သည်လိုသဘောမျိုး မရှိပါ"

"မရှိပေတယ်လို့ အစ်မမေးတာကို ကျွန်တော် ပြောနိုင်မယ့် အရည်အချင်းရှိမယ် မဟုတ်ပါ"

"မေးပါရစေ၊ အခွင့်ပြုပါ"

"အစ်မ သဘောပဲလေ..."

"သံသရာ ရှိပါသလားရှင်"

"သံသရာဆိုတာ ဘယ်လိုပါလဲခင်ဗျာ"

"ရှင်ပဲ ပြောတာပဲ။ သံသရာမရှိဘူးဆိုတဲ့လူများရဲ့ သဘောကို စဉ်းစားဖို့လိုတယ်လို့"

"ဟုတ်ပါတယ်"

mgyoe.com

mgyoe.com

"ဒါကြောင့်ပဲ ကျွန်မမေးတာပါ"

"အစ်မဟာ သံသရာမရှိဘူးပေါ့"

"သံသရာရှိရင် ကျွန်မလည်းရှိရမှာပေါ့"

"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာတော့ သေသွားရင် မိမိရဲ့ ပြုသော အကြောင်းကြောင့် အေးချမ်းခြင်းအစစ်ကိုမရမီ၊ (ဝါ) ကိလေသာ မခန်း ခြောက်မီ ဘဝအမျိုးမျိုးကို ကျင်လည်ကာဖြစ်ရတယ်လို့ အယူရှိပါ တယ်။ ဒါပေမဲ့ တချို့မှာတော့ မုံရွာအနီး မိုးညှင်းသမ္ဗုဒ္ဓေစေတီကိုဖူးခဲ့တဲ့ သူများတောင် သံသရာရှိတယ်ဆိုတာကို လှောင်ပြောင်ချင်သလို ရှိတတ် ပါတယ်"

ထိုအခါ အမျိုးသမီးသည် သတိမထားခဲ့မိသဖြင့် မောင်မြင့်ကို မမှတ်မိသော်လည်း မိမိသည် သမ္ဗုဒ္ဓေစေတီသို့ အဖော်များနှင့် သွားခဲ့ ဖူးသဖြင့် နင့်တင့်တင့်ရှိဘိ၏။ သို့ရာတွင် မိမိ၏ အမေးကို အခိုင်အမာ ပြု၍ မေးလိုသဖြင့် "ကိလေသာ" ဆိုတာကော ဘာလဲရှင်ဟု အမေး စကားတစ်ခုကို ထပ်လိုက်ပြန်၏။ မောင်မြင့်ကား ဤသို့ပြောလေ၏။

"ကိလေသာဆိုတာ ပါဠိစကားခင်ဗျ၊ ဗမာလိုဆိုတော့ အညစ် အကြေး။ ဘယ်လိုအညစ်အကြေးလဲ၊ အလင်းရောင်မရလို့၊ လိုချင်ခြင်း၊ တုန်လှုပ်ခြင်း၊ ထောင်လွှားတက်ကြွခြင်းတို့ကို မဖြတ်နိုင်၊ အဲသည်လို မဖြတ်နိုင်တာကို ကိလေသာလို့ ခေါ်ပါတယ်"

"ဒါဖြင့်ရှင်၊ သံသရာဟာ တစ်ဘဝပြီး တစ်ဘဝ အမျိုးမျိုး ဆက် ကာ ဖြစ်ရတာပေါ့"

"မဟုတ်ဘူးဗျ"

"ဘယ်လိုလဲရှင်"

"ဘဝမပြတ်ဘဲ ကိုယ်၏အကျင့်အတိုင်း ဖြစ်ရတတ်တာကို သံသရာဆိုတာပဲဗျာ"

mgyoe.com

mgyoe.com


"ရှင် သက်သေပြနိုင်ရဲ့လား"

"သက်သေရယ်လို့တော့ မဟုတ်ဘူးပေါ့ ခင်ဗျာ ယခုဘဝ ယနေ့ ထိကိုပဲ အစ်မ စဉ်းစားလိုက၊ မိတ်ဖြစ်ဆွေဖြစ် အခွင့်ပြုက ပြောပါရစေ"

"ပြောပါ"

"အစ်မတို့ ကျွန်တော်တို့ သုံးလေးနှစ်သားအရွယ်မှာ မြစ်ဆိပ် ချင်းတွင်းထဲမှာ ရေချိုးကြတော့ တုံးတုံးကလေးတွေနှင့် လူကြီးတွေ အနား မှာ ရေချိုးကြမှာပဲ။ ခုကြီးတော့ အဲသည်လို ရေချိုးမှာလား၊ ဒါဘာ ကြောင့်"

"အို သူဘာယ်လိုပါလိမ့်မလဲ၊ ဘာကြောင့် ချင်းတွင်းမြစ်ထဲမှာလို့ သူပြောသလဲ" ဟု ခဏတွေနေပြီးနောက် "ရှက်ကြလို့ပေါ့ရှင်" ဟု လွှတ်ခနဲပြောလိုက်လေ၏။

"အစ်မစကားအရ ကလေးဟာ မရှက်ဘူးပေါ့၊ လူကြီးကတော့ ရှက်သပေါ့။ ဘာကြောင့် ရှက်ရသလဲ ခင်ဗျာ၊ မရှက်ဘဲနေပါလား"

ဖုံဖုံကြွယ်သည် ငါ့အာဂဟု ယူဆလာခဲ့သော်လည်း မောင်မြင့်၏ စကားကို မချေနိုင်သလိုဖြစ်နေ၍ မောင်မြင့်သည် ဤသို့ပြောလေ၏။

"အစ်မ ကျွန်တော်အစီရင်ခံပါရစေ"

"ရှင့်နှယ်ရှင်၊ သည်လိုမပြောပါနှင့် အစီရင်ခံရမယ်လို့"

"အစ်မ အစ်မ ပညာရှိမယ်၊ ပညာတတ်၊ အဲသည်တော့ ကျွန်တော် ပြောတဲ့စကားကို ဟုတ်လောက်၏၊ မဟုတ်လောက်၏ဟု စီရင်ဆုံးဖြတ် နိုင်မှာမို့ သည်စကားကို ပြောရတာပါ"

"ပြောပါရှင်"

"ကလေးများ မရှက်၊ လူကြီးများ ရှက်ခြင်းသည် အသိသဘော၊ အသိသဘောသည်လည်း ရှက်ခြင်း၊ မရှက်ခြင်းကို ဖြစ်စေပါသည်။ မသိသောသူသည် မရှက်တတ်ပါ။ အဲသည်လိုပဲ မူလတန်းလောက်မှာ

mgyoe.com

mgyoe.com


စာမသင်ဖူးသော သူထက် သင်ဖူးသောသူက၊ သူ့ထက် အလယ်တန်း၊ သူ့ထက် အထက်တန်း၊ သူ့ထက် တက္ကသိုလ်ပညာတို့ကို သင်ဖူးသောသူများသည် အသိသဘောချင်း ခြားနားတယ်လို့ ကျွန်တော်က ပြောရင်၊ အစ်မကတော့ ဘယ်လိုနေမယ်မသိ။ များသောအားဖြင့်၊ အများကဖြင့် ကျွန်တော့်စကားကို ပုတ်ချမှာ များပါတယ်"

(ထိုအခါ ထိုမိန်းမနှင့် ပါလာသော အဖော်မိန်းမတစ်ယောက်သည် ကြက်သားကြော်ကိုသုပ်၍ လက်ဖက်ရည်ကိုတည်လေ၏။)

"ပြောပါရှင်"

မူလတန်းလောက်မှ စာမသင်ဖူးသောသူဆိုသည်ကား အလုပ်လုပ်ရာ၌ စာကိုအသုံးပြုရန်ထား သတင်းစာကို ဖတ်ကြည့်သင့်သည်ဟု မဖတ်သောသူ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထုစသည်တို့ကို ဖတ်အပ်သည်ဟူ ဖတ်သောသူသည် အလယ်တန်းစာပေပညာကို သင်ဖူးသောသူ၊ ထိုသို့ စာဖတ်၍ စာပါအဓိပ္ပာယ်စကားတို့ကို စဉ်းစားဆင်ခြင်၍ အကြောင်းသင့် အကျိုးသင့်ကို ရှာဖွေတတ်သောသူသည် အထက်တန်းစာပေပညာကို သင်ဖူးသောသူ၊ စာကိုဖတ်၍ အကြောင်းအကျိုးကို ရှာဖွေတတ်ပြီးသော် နောင်မည်သို့ ဖြစ်သတတ်ကို မြော်မြင်တိုင်းထွာတတ်ပြီးလျှင် ကြံဆလုပ်ကိုင်လေ့ရှိသောသူကို တက္ကသိုလ်စာပေပညာတတ်ဟု ကျွန်တော်ယူဆပါသည်။ ဘာကြောင့်လဲ ဆိုသော် တက္ကသိုလ်ဆိုသည်ကား တက္ကမှာ အကြံ၊ သီလမှာ အလေ့ဟု ဆိုစကားရှိထားခြင်းကြောင့်ပါ။ ဝါ စာပေကို လေ့လာ၍ စာနှင့်မှတ်သားလေ့လာကြံတတ်ခြင်းကြောင့်ပါ။

"ကိုင်း ထားပါရှင်၊ ရှင့်စကားချီးက ရေရွှေးအေးတော့မယ်..."

"ဒါဖြင့်ဗျာ ကျွန်တော်တို့ဟာ သတ္တဝါမဟုတ် လူမဟုတ်။ ခန္ဓာငါးပါးဓာတ်စုပါ၊ သည်ဓာတ်စုကို သတ္တဝါ၊ လူလို့ ပညတ်တင်ထားတာ

mgyoe.com

mgyoe.com


ပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် စာတ်သဘောအရ မြူတုံး။ ဒါကြောင့် မိန်းမမရှိ ယောကျ်ားမရှိ၊ ဘာရှိသလဲ သဘောသာရှိပါသည်။ မိန်းမသဘောနှင့် ယောကျ်ားသဘောသည် ခြားနားခြင်းများစွာရှိနေပါသည်။ ထိုခြားနားခြင်းကိုလိုက်၍ မိန်းမ ယောကျ်ားဟူ၍ ပညတ်ပါသည်။ ကိုင်းအစ်မ၊ စီရင်ဆုံးဖြတ်ပါ"

"ဘယ်လို သည်မြူတုံးဟာ ဖြစ်လာရပါသလဲရှင်"

"ဟုတ်ပြီ၊ ကျွန်တော်တော့ စကားဆွေးနွေးဖော်ရှိလို့ ဝမ်းသာပါတယ်"

မောင်မြင့်နှင့် ဖဲဖဲကြဲအမျိုးသမီးကား တွေ့နေပြီ။ မောင်မြင့်၏ သဘောကို စာဖတ်သူများ သိတန်ကောင်းပေပြီ။ မောင်မြင့်သည် သူ့မိဘသဘောတူထားသော အမျိုးသမီး ခေတ်ပညာတတ်ကို ငွေရှင်၊ ခေါင်းပုံဖြတ်၊ သွေးစုပ်ကောင်မ၊ မာနခဲမဟု လူကိုမမြင်ဖူးဘဲနှင့် (ဝါ) မတွေ့ဖူးဘဲနှင့် စော်ကားကာရှိခဲ့သည်။ ဖဲဖဲကြဲ ထိုအမျိုးသမီးကလည်း သူ့မိဘက ဘီအက်စီ တစ်ယောက်နှင့်ပေးစားထိမ်းမြားရန်၊ ၎င်းသည် နိုင်ငံခြားသို့ ပညာတော်သင်သွားဖို့ လျှောက်ထားသည်ဟု ချီးကျူးကာ နားမှုတ်လေရာ ခါးခါးသီး သူ့အမေအား ဤသို့ စကားတုံ့ဖူးသည်။

အလကားမောင်၊ ဘယ်နေရာမှာ အသုံးချရမှာလဲ၊ ယာတစ်ကွက်ကိုညက်အောင် ထွန်တတ်မလား၊ နွားမှာနဖားကြိုး ထိုးတတ်မလား။ သူများက အလုပ်ပေးမှ အလုပ်ရှိမယ့်လူစား၊ တိုင်းပြည်အခွန် ၂၂ဆီကို အားရပါးရ မရှက်မကြောက် စုပ်ယူနေပြီး သူ့အိမ်ကခြင်ထောင်ကို တန်ဆာဆင်မယ့် လူစား။ ပြီးတော့ အလုပ်သမား၊ လယ်သမား၊ ယာသမားများကို ချုပ်ချယ်နိုင်သမျှ ချုပ်ချယ်ပြီး ရှိလျက်၊ မြင်လျက်၊ သိလျက်နှင့် မစားရ၊ မဝတ်ရ၊ အငတ်အပြတ်ထားမည့်လူစားဟု သူ့အမေ့ နားမခံသာအောင် တွတ်တွတ်တွတ်တွတ်နှင့် ရန်ထောင်ခဲ့သော မဖဲဖဲကြဲဖြစ်ခဲ့

mgyoe.com

mgyoe.com


သည်။

ယခု ကျွဲထီးနှင့် ကျွဲမတွေ့နေပြီ၊ ညွှန်ထဲက၊ ညဝံ့ဟု မြည်နေကြသလား။ မောင်မြင့်သည် ၎င်း၏ စကားကို ဤသို့ဆက်၏။

"မြူတုံး ဖြစ်လာပုံက သည်လိုဗျ..."

"ဟုတ်ကဲ့ရှင့်"

"ခန္ဓာငါးပါးဆိုတာ ရုပ်ဓာတ်တစ်၊ နံဓာတ်လေးခုပေါင်း၊ ၎င်းသည် ခန္ဓာငါးပါးပါ၊ အဲသည် ခန္ဓာငါးပါးဟာ၊ ဆုပ်ကိုင်မရ၊ အသားစိုင်မျက်စိနှင့် မြင်မရတဲ့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်လေးပါးအစု၊ ရုပ်ဓာတ်တစ်နှင့် ခံယူခြင်း၊ မှတ်သားခြင်း၊ ပြုပြင်ခြင်း၊ အသိဉာဏ်တည်းဟူသော နံဓာတ်လေးတို့ ပေါင်းဆုံထားတော့ဘယ်မှာမြင်မလဲ၊ ဘယ်မှာကိုင်တွယ်လို့ရမလဲ။ အဲသည် ခန္ဓာငါးပါးက အားပေးလို့၊ (ဝါ) လိုချင်ခြင်း၊ တုန်လှုပ်ခြင်း၊ ထောင်လွှားတက်ကြွခြင်းက အပြုသဘောဖြစ်စေလို့ မြူတုံးကြီး ဖြစ်စေပါတယ်၊ အဲသည် မြူတုံးကို သတ္တဝါ လူ၊ ယောကျာ်း မိန်းမ၊ အထီးအမလို့ ပညတ်ထားပါတယ်"

"ဒါဖြင့်ရှင်..."

"အမိန့်ရှိပါ"

"ယောကျာ်း မိန်းမရယ်လို့မရှိရင် ရှင့်မိန်းမ တစ်ယောက်ရဲ့လက်ကို ဆွဲကိုင်ရဲပါ့မလား၊ မိန်းမတစ်ယောက်ကို မွှေးရဲပါ့မလား၊ မိန်းမတစ်ယောက်က ရှင့်အိပ်ရာပေါ် ရှင့်စောင်ခြုံထဲ ဝင်ကာတိုးအိပ်ရင် ရှင်သဘောကျပေါ့"

"ဟာ သည်လိုလား"

"ဟုတ်ပါတယ်ရှင်"

ကျွန်တော်အစီရင်ခံခဲ့တဲ့...

"သည်စကားကို ကျွန်မ လက်သင့်မခံပါ၊ ကျွန်မ မစီရင်တတ်ပါ၊

mgyoe.com

mgyoe.com


ပြောပါရှင်"

"ကျွန်တော် ပြောခဲ့တဲ့ ရုပ်ခတ်တစ်နှင့် နံခတ်လေးတို့ ပေါင်းဆုံထားတဲ့ အစုပေါင်းခတ်ကဖြစ်တဲ့ မြူတုံးဟာ အမြင်၊ အကြား၊ အနံ့၊ လျှာ၊ ကိုယ်၊ စိတ်ဟူ၍ အာရုံခြောက်ပါး ပေါက်ပွားလာပါတယ်"

"ဟုတ်ပါတယ်"

"အဲသည်လိုပေါက်ဖွားလာလို့ မျက်စိအတွေ့က ဘဝင်စိတ်ဖြစ်ကာ ထိတွေ့ပြီး မိထားပြီ။ သည်လိုပဲ နား၊ နှာခေါင်းစသည့် အာရုံငါးပါးကလည်း ထိတွေ့ပြီ။ အဲသည်လိုထိတွေ့ရတာဟာ ဘာကြောင့်ထိတွေ့ရသလဲဆိုတော့ လိုချင်ခြင်း၊ သာယာမှု၊ မသာယာမှု (ဝါ) သဘောကျမှု၊ မကျမှုဆိုတဲ့ တုန်လှုပ်ခြင်း၊ ငါဆိုတဲ့ ထောင်လွှားတက်ကြွမှုတို့ကြောင့် ဖြစ်ပါတယ်"

"ဟုတ်ကဲ့"

"အဲသည်တော့ လောကအတွက် အရှက်အကြောက်နှစ်ပါးဖြစ်ပွားလာတယ်။ ဘယ်လိုဖြစ်ပွားလာရလဲ၊ သူသဘောကျ မကျ၊ သူကကျပေမဲ့ ပတ်ဝန်းကျင်ကသဘောကျမကျ၊ သဘောမကျသော် အပြစ်ဒဏ်နှင့် တွေ့ရမှာကို ကြောက်တယ်၊ သဘောကျစေကာမူ တင့်တယ်မှုရှိမရှိဖြစ်လို့ ရှက်လာရပြီ"

"ဆိုပါဦးရှင်..."

"ပမာဆိုသော်"

"ဟုတ်ကဲ့"

"မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို အတင်းဆွဲခေါ်တော့၊ သို့မဟုတ် ဆွဲကိုင်တော့ ယောကျ်ားက သဘောမတူတော့ ရှက်စရာ၊ ယောကျ်ားက သဘောမတူလို့ ဂါတ်မှာတိုင်တော့ ကြောက်စရာဖြစ်လာမယ်။"

mgyoe.com

mgyoe.com


"ရှိနိုင်ပါ့မလားရှင်"

"ယောကျ်ားက မိန်းမအပေါ်မှာရှိသလို မိန်းမကလည်း ယောကျ်ားအပေါ်မှာ ရှိတန်ရှိရမှာပေါ့။ ရှိခဲ့သော်ပေါ့ ခင်ဗျာ"

"ရှိမယ် မထင်ပါဘူးရှင်"

"ကျွန်တော်ပြောပါ့မယ်။ ကိုယ်တိုင်တွေ့ရသလားလို့မေးရင် ဖြစ်နိုင်ခက်ခဲမို့ မတွေ့ဖူးဘူးပေါ့၊ ကျွန်တော်လည်း အစ်မလို ယူဆမိတာပါပဲ၊ သို့သော် ကိုယ်တိုင်ကြားရတာကတော့ လန့်စရာပါပဲ"

"ပြောစမ်းပါဦးရှင်"

"တော်တော်လည်း ချမ်းသာကြွယ်ဝတယ် ထင်ပါရဲ့။ သေသေချာချာ ဒါကိုတော့ မသိဘူးပေါ့ခင်ဗျာ၊ လှတော့တော်တော်ပဲ ချောလှပါတယ်။ အစ်မနှင့်ကို အတူတူလောက်ပဲ ထားပါတော့"

"နေပါဦး၊ ကျွန်မ ချောလှသလား"

"မြင်ဖူးတာကို ပြောရတာပဲခင်ဗျာ၊ အဲသည် အမျိုးသမီးက ယောကျ်ားပဲ ရှားသလား။ လာခဲ့ဆိုလာမှာပေါ့တဲ့၊ ပြီးတော့ သွားတော့ ဆိုပြန် သွားရမှာပေါ့။ ဒါကိုထောက်တော့ နုံနဲ့တဲ့ ယောကျ်ား သူ့ အလုပ်ရုံထဲက အလုပ်သမားဆိုပါတော့ ခင်ဗျာ။ လာခဲ့ဆိုလာရမှာပေါ့၊ သွားတော့ တော့်ကို ကျေနပ်ပြီ ပြန်ဆိုပြန်ရမှာပေါ့။ တချို့ကတော့လည်း အစားဆင်းရဲ၊ အဝတ်ဆင်းရဲဆိုတော့ လာခဲ့ဆို ငွေကလေးများရမလားလို့ လာရမှာပေါ့၊ ပြန်တော့ဆို ဂုဏ်ရှင်ပါပဲ၊ ကြောက်လို့ပြန်ရမှာပေါ့"

"ရှင်တကယ် သည်လိုပြောတာကို ကြားသလား"

"ကြားပါတယ်"

"သက်သက် အပျော်ပြောတာ ဖြစ်ပါလိမ့်မယ်ရှင်၊ တကယ်ပြောတာတော့ ဟုတ်ချင်မှ ဟုတ်မှာပါ"

"ကျွန်တော်ကြားရတာကို ပြောတာလေ"

mgyoe.com

mgyoe.com


"သည်လိုကြားတော့ သည်အမျိုးသမီးကို ရှင်အတော်ပဲ စက်ဆုပ်သွားတာပေါ့။"

"ဟာ အစ်မ၊ ဘယ့်နှယ် စက်ဆုပ်ရမှာလဲ၊ သူ့သဘော သူဆောင်တာပဲ။"

"ပြောစမ်းပါရှင်"

"ယောဂါဝစရပုဂ္ဂိုလ်မဟုတ်တဲ့ သူတစ်ယောက်ဟာ ကြက်သားဟင်း တစ်လုည့်၊ ဝက်သားဟင်း တစ်လုည့်၊ ငါးဟင်းတစ်လုည့်။ တစ်လှည့်စီ ကောင်းနိုးရာရာ စားတာကို ကဲ့ရဲ့ဖို့၊ စက်ဆုပ်ဖို့မလိုပါ။ ယောဂါဝစရပုဂ္ဂိုလ်သာဆိုရင် တင်းတိမ်ရောင့်ရဲခြင်း မရှိဘူးဆိုကာ ကဲ့ရဲ့လိုသော် ကဲ့ရဲ့ပေါ့၊ သူလည်း မယ်သီလကသာ သူ့ကို ပြောရင် ကျွန်တော် သူ့အပေါ်မှာ စဉ်းစားမှာပေါ့။"

"ခုတော့ ရှင်မစဉ်းစားဘူးပေါ့"

"အလုပ်ပိုလုပ်ရာကျမှာကြောင့် ကျွန်တော် မဥပါဒ်ပါ"

"ဝမ်းသာပါ့ရှင်၊ ဆက်ပြီးပြောပါဦး"

"သည်သဘောကို ထားလိုက်ပါဦးစို့။ အဲသည်လို အာရုံခြောက်ပါးနှင့်တွေ့တော့ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ခံစားမှု ဖြစ်သွားပြီ။ ကောင်းရင်သာယာမှု သဘောနှင့် ခံစားပြီး မကောင်းရင် မသာယာမှုသဘောနှင့်ခံစားပြီ။ အဲသည်လိုခံစားတော့ တပ်မက်ခြင်း၊ တပ်စွဲခြင်းဖြစ်သွားပြီဗျာ၊ အဲသည်လိုဖြစ်တော့၊ စွဲလမ်းခြင်းအာရုံ သဘောသည်ဖြစ်ပြီ။"

"ဟုတ်ကဲ့၊ သဘောကျပါတယ်"

"အဲသည်တော့ သည်စွဲလမ်းခြင်းအာရုံဟာ ခန္ဓာငါးပါးတွင် သိခြင်း ဆိုတဲ့သဘော၌ တည်နေပြီ။ ထိုအခါ သေရာညောင်စောင်း (ဝါ) သေရတော့မည်အခါ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်

mgyoe.com

mgyoe.com



တို့ဟာ ဖောက်ပြန်အားလျော့လာတော့ အားကောင်းတဲ့၊ (ဝါ) အဆက် အသွယ် အထောက်အပံ့ အားရှိလာတဲ့ အာရုံဟာ စွဲလမ်းနေပြီ။ ဟော ဓာတ်က မထိန်းနိုင်လို့ သေပြီဆိုတော့ စွဲလမ်းတဲ့အတိုင်း ဘဝဖြစ်ရပြီဗျာ၊ အဲသည် လို အတန်တန် ဖြစ်ပျက်ရတာဟာ သံသရာပါပဲခင်ဗျာ၊ ကိုင်းဗျာ ဝေဖန်ပါ။"

"ကျွန်မ ကျေးဇူးတင်ပါတယ်ရှင်၊ သိပ်ကို ကျေးဇူးတင်ပါတယ်"

"ဒါဟာ ကျေးဇူးတင်စရာပါလားဗျာ"

"တင်စရာပေါ့ရှင်၊ ဒါထက်ရှင်ဟာ ပထမလတ် အောင်ခဲ့သလား၊ ပထမကြီး အောင်ခဲ့သလား၊ ရဟန်းဝတ်နှင့် ဘယ်နှဝါရခဲ့ပါသလဲရှင်..."

"ကျွန်တော်က ပြောသလို အစ်မယုံရမှာပဲ။ နှစ်ဝါ၊ သုံးဝါဆို လည်း ယုံရမှာပဲ"

ထိုသို့ပြောဆို၍ နံနက်ထမင်းစားချိန်၌ မောင်မြင့်နှင့် ထိုအမျိုးသမီး နှစ်ယောက်တို့သည် ထမင်းအတူတူပင် ထမင်းဆိုင်တွင် မှာ၍စားကြ၏။ ထမင်းဖိုးကို လှူ၍ပေးကြ၏။ အဖြစ်ဆန်းဟု ထင်စရာဖြစ်နေ၏။ မောင်မြင့်သည် ထိုအမျိုးသမီးများ၏ အမည်များနှင့် နေရပ် အလုပ် အကိုင်တို့ကို သိလို၏။ သို့ရာတွင် မမေးဝံ့။

မောင်မြင့်သည် အဘယ်ကြောင့် မမေးဝံ့သနည်း။ မေးသည်မှာ ဘာဖြစ်သလဲ။ ၎င်းသည် ထို ဖဲဖဲကြဲအမျိုးသမီးကို ကျိတ်ပိုးဖြစ်နေလေ ရော့သလား၊ အစဉ်းစားရကား အတော်ခက်ဘိတောင်း။ ၎င်းသည် မည် သည့် အမျိုးသမီးကိုမှ မသန့်သော အမြင်နှင့် မမြင်ဖူးခဲ့၊ သူ့ မိဘက ဒီဂရီရယ်၊ လူချမ်းသာသမီးနှင့် ပေးစားမည်ဆိုသည်ကိုပင် ဟင်ထိုးခဲ့၏။

ထိုဖဲဖဲကြဲ အမျိုးသမီးကလည်း မောင်မြင့်ကို ဘယ်ကလဲ၊ ဘာလုပ် သလဲ၊ နာမည်ကို ဘယ်လိုခေါ်သလဲဟု သိလို၏။ ဘာကြောင့် သိလို သလဲဟု မေးခဲ့သော် သိချင်၍ဟု ပြောမည့်အစားပင် ဖြစ်တန်၏။

mgyoe.com

mgyoe.com

ထိုသို့သိလိုသော်လည်း ထိုအမျိုးသမီးသည် နာမည်ကိုမျှပင် မမေး။ ဘာကြောင့်မမေးသလဲ။ မာနကြီး၍ဟုပင် ထင်စရာပေလား၊ ထင်လျှင်လည်း ထင်ထိုက်၏။ အဘယ်ကြောင့်ဆိုသော် သူ့အမေက ညည်းကို ဘီအက်စီတစ်ယောက်နှင့် ပေးစားမယ်ဟု စကားတောက်စဉ်က သည်လိုလူကို ဘာလုပ်ဖို့လဲဟူသော သဘောနှင့် တွတ်တွတ်တွတ်တွတ်နှင့် တွတ်ခဲ့ခြင်းကြောင့် ဖြစ်၏။

ထိုသို့သဘောဖြစ်သော်လည်း မောင်မြင့်သည် ရေချိုးရန်သွားသောအခါ ထိုမဖဲ့ဖဲ့ကြွသည် မိမိတွင် ဖန်ခွက်နှင့်ပါလာသော သနပ်ခါးကို မျက်နှာတွင် တင်ပွတ်၍ အစစ်မှန်နှင့် သင့်အောင်သ၏။ သူ့မျက်နှာကို မှန်ထဲတွင် ကြည့်မိ၏။ စိတ်ကျေနပ်လောက်သည်တိုင်ကြည့်၏။

မောင်မြင့်သည်ကား မူမပျက်ဘဲနှင့်ပင် ၎င်းတွင်ပါသော ဝတ္ထုစာအုပ်ကို ကြည့်နေ၏။ ထိုမဖဲ့ဖဲ့ကြွသည်လည်း စာမယ် စစ်စစ်ကြီးမဟုတ်စေကာမူ စာအုပ်အမည်မှာ သူ့အဆနှင့် ဆီလျော်နေသဖြင့် ဆောင်ဝင်သတတ်ဟု ပြည်မြို့စာအုပ်ဆိုင်မှ ဝယ်ခဲ့သော စာအုပ်ကိုဖွင့်ပြီး လျှင်ဖတ်နေ၏။ ထိုစာအုပ်မှာ အင်္ဂလိပ်ဘာသာနှင့် ရေးထား၏။ ရေးသူမှာ မောင်နဲလပိန်းတုံး မြန်မာဟူ၍ဖြစ်၏။

စာရေးသူမှာ အတော်ပင် ချက်လက်မိအောင် ရေးနိုင်၍ စာရေးကောင်းတစ်ယောက်ဖြစ်၏။ သူ့စာအုပ်ကို ဖတ်ရင်း ဖတ်ရင်းစဉ်းစားစရာ လွယ်လွယ်များသည် ပါနေ၍ စာအုပ်သည် ၎င်းကို မိမိရရ ဆွဲထားသလို ဖြစ်နေ၏။ သို့သော် စာအုပ်နာမည်နှင့် စာအုပ်အတွင်းပါအကြောင်းတို့သည် လုံးလုံးကြီးထပ်၍ ဟပ်နေသည်ဟု မဆိုနိုင်စေကာမူ အမည်နှင့် အကြောင်းသည် မလွတ်ကင်းစေဘဲ အချို့အချို့ အကြောင်းများသည် မောင်မြင့်၏ လေနှင့် ဟပ်သကဲ့သို့ ကပ်နေ၏။ ထိုအမျိုးသမီးကား ထိုစာအုပ်ကို မစွဲစေကာမူ ခွဲ၍မရနိုင်သလို ဖြစ်နေ၏။

mgyoe.com

mgyoe.com

ထိုအမျိုးသမီးနှစ်ယောက်နှင့် မောင်မြင့်မှာ ကော်ဖီသောက် အတူ၊ လက်ဖက်ရည်သောက် အတူ၊ ထမင်းစားအတူဖြစ်နေ၍ ငွေကို သူ့ထက် ငါ ကာပေးကြ၏။ သို့သော် တစ်လှည့်စီလိုပဲ ဖြစ်နေ၏။ တစ်နေ့မှာ လက်ဖက်ရည်ဖန်သောက်ရင်း ထိုအမျိုးသမီးက ဤသို့မေး၏။

"ငွေရှင်တစ်ယောက်ဟာ လူတစ်စုအား သူ့အလုပ်ထဲမှာ ခိုင်းတယ် ရှင်။ ဒါပေမဲ့ လုပ်ခကိုမပေး၊ စားဖို့ ဝတ်ဖို့ကို တိုင်းပေးတယ်၊ နေဖို့ အိမ်ကို မီးရေနှင့်တကွ ပေးတယ်"

"ဟာ... ဘာလုပ်မလဲ ခင်ဗျာ"

"မလုပ်ရင် အပြစ်ဒဏ်ခံရမှာပေါ့"

"ဘယ်မှာ ဖြစ်နိုင်မလဲဗျာ"

"ဟိုတုန်းက အသက်ဦးဆံပိုင်ခေတ်မှာ သူဌေးများ အခွင့်အရေး ရတုန်းကရှင့်၊ မလုပ်ရင် ဒဏ်ခံရမှာပေါ့ ဒါဟာ ကောင်းသလား သဘာဝ နှင့် ကိုက်ညီသလားရှင်"

"ဟာ... ဒါဟာ ကျွန်တော်လည်း ခိုင်းသူမဟုတ်၊ အခိုင်းခံပြီး အလုပ်လုပ်သူလည်း မဟုတ်"

"ရှင့်နှယ်ရှင်၊ ကျွန်မက သဘာဝနှင့် ဆီလျော်တယ်၊ မဆီလျော် တယ်ဆိုတာကို သိချင်တဲ့သဘောပါ"

"သဘာဝက သာ့နေမလဲခင်ဗျာ၊ သဘာဝက ဆုံးဖြတ်မှာပေါ့"

"ရှင့်သဘော"

"အစ်မ၊ ယာထွန်တာ၊ လှည်းတိုက်တာတို့ကိုတော့ အစ်မ မြင်ဖူး ပါလိမ့်မယ်။ တလင်းနယ်တာကိုလည်း အစ်မမြင်ဖူးကောင်း မြင်ဖူးပါ လိမ့်မယ်"

"ကျွန်မတို့လည်း တောသူပါ။ မြင်ဖူးရုံမျှမက ကိုယ်တိုင်ပဲ ဆိုပါ တော့ရှင်"

mgyoe.com

"နွားဟာထွန်ကို သူ့ဘာသာသူ ယာထွန်တာဟာ ငါ့အလုပ်ပဲလို့ အလိုလိုထွန်ခွင်မှာ ဝင်ပြီး မရုန်းဘူးခင်ဗျ။ လှည်းမှာရုန်းတော့လည်းသည်လိုပဲ၊ ကောက်နယ်တော့လည်း တလင်းထဲမှာ သည်လိုပဲ လူက ခိုင်းမှလုပ်တတ်တယ်။ လူကခိုင်းမှပဲ လုပ်တယ်။ အဲသည်တော့ ခိုင်းသူက သူ့ကိုယ်သူလူ၊ ခိုင်းခံရသူကို နွားထားပြီး ခိုင်းတာပေါ့"

ထိုမိန်းမပျိုသည် စိုင်နေ၏။ တွေးဆသကဲ့သို့လည်း ရှိနေ၏။ မောင်မြင့်ကား ဆက်၍ ဤသို့ပြောပြန်၏။

"တလင်းနယ်တော့ကောခင်ဗျာ၊ နွားက စပါးဖြစ်အောင် နယ်ရတယ်။ နယ်တဲ့အခါမှာ နွားဟာ စပါးကို စားမှာစိုးလို့ ပါးစပ်မှာ ခြင်းစွပ်ကာထားတယ်။ သည်တော့ သဘောမှာ ခိုင်းသူက မြေမှထွက်တဲ့ အသီးအနှံကိုသူယူ၊ နွားအား ထိုက်တန်တာကို ကျွေးတာပေါ့။ နွားဟာ ဘာနှင့်ထိုက်တန်သလဲ၊ နွားကိုလွှတ်ပေးလိုက်ရင်လည်း သူနယ်ရတဲ့ စပါးကို သူစားနိုင်သမျှစားမယ်၊ စားပြီးအစာမကြေလို့ ဗိုက်ကားကာသေမယ်"

"ဒါဖြင့် ကျွန်မမေးခဲ့တာဟာ သဘာဝကျသပေါ့"

"လူဆိုတဲ့သဘောကို စဉ်းစားရမယ်ခင်ဗျ"

"လူဆိုတာ ကိုယ့်ကိုယ်ကိုယ် လူထင်ရမယ့်အပြင် သူတစ်ပါးကိုလည်း လူထင်ရမယ်။ လူဟာသူတစ်ပါးကို မခိုင်းရဘူး၊ သူတစ်ပါးက ခိုင်းမှရယ်လို့လည်း မလုပ်ရဘူး။ လောကမှာ ကိုယ်လုပ်အပ်သော ဝတ္တရားကို ကျေပွန်အောင် ဆောင်ရွက်လုပ်ကိုင်ရမယ် လုပ်အပ်သော ဝတ္တရားဆိုတာဟာလည်း တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့် တစ်ယောက်ကို ရင်ဆိုင်လာရာမှာ စွမ်းဆောင်နိုင်ရာမှာ ကိုယ်စီ ဝန်ထမ်းပေါ့။ ဒါကြောင့် သူတစ်ပါးကို ခိုင်းတဲ့သူဟာ၊ ခိုင်းနေတဲ့သူဟာ ကိုယ်ရဲ့လူ့အဖြစ်မှ ရုန်းကန်ရာ ရောက်မရောက်၊ လုပ်တတ်၍ လုပ်အပ်သော အလုပ်ကို မခိုင်းမစေဘဲနှင့် မလုပ်တဲ့ လူဟာ လူရေခြုံ တိရစ္ဆာန် ဟုတ်

mgyoe.com

mgyoe.com


မဟုတ်၊ အဲဒါကို အစ်မ တင်ကြိုပြီး စဉ်းစားပေါ့"

"ရှင့်စကားဟာ သိပ်နက်တယ်ရှင်၊ ဝေးသွားတာပဲ"

"မနက်ပါဘူး အစ်မရယ်။ လောကမှာ လူနှင့်လူချင်းကိုသာ အတုယူတာမဟုတ်။ တိရစ္ဆာန်များထံကလည်း အတုယူလို့ နိုင်တဲ့လူ၊ ရှုံးတဲ့လူ၊ မြင့်တဲ့လူ၊ နိမ့်တဲ့လူ၊ စေပိုင်တဲ့လူ၊ နာခံရတဲ့လူရယ်လို့ အဆင့်အတန်းဖြစ်လာရတယ်။ ဘာကြောင့် သည်အဆင့်အတန်းဟာ ပေါ်လာရသလဲ။ အမိုက်တိုက်ဝင်ပြီး ကန်းလို့ မမြင်တာနှင့် ငါဟု ထောင်လွှားတက်ကြွတဲ့ သဘောကြောင့် ပေါ်လာရတယ်လို့ ထင်တာပါပဲ"

"ကျွန်မကတော့ရှင်၊ ခုမှ တက္ကသိုလ်ကျောင်းတိုက်သို့ရောက်၊ စာသင်ခန်းသို့ဝင်၊ ပေါင်းသင်းဆက်ဆံရေးအတတ်ပညာ (ဝါ) နေထိုင်ပြုမူရေး အတတ်ပညာ၌ ဟောပြောတာကို နာခံမှတ်သားနေရတယ်လို့ ထင်တာပဲ"

"ဟာ... အစ်မက ကျွန်တော့်ကို တုတ်နှင့်မြှောက်ထိုးချနေတာလား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မ ပညာသင်နေတာပါ၊ ဆက်ပါဦးရှင်"

"နိုင်တဲ့လူက ရှုံးတဲ့လူအပေါ်မှာ ငါ့ကို မလှန်နိုင်ဘူးဆိုတဲ့ သဘောနှင့် နိုင်ထက်စီးနင်း သူ့သဘောကျ၊ သူထင်သလို၊ သူ သဘောကျသလို ကြိတ်တော့မှာပေါ့၊ စီမံမှာပေါ့ သည်သဘောပဲ၊ နိုင်တဲ့လူစုက ရှုံးတဲ့လူစုအပေါ်မှာ ဖိစီးမှာပဲ။ ဒါဟာ ဓမ္မတာပဲ။ အိမ်တစ်အိမ်မှာ ဝင်ပြီး ကြည့်လေ၊ အရှုံးခံနေရတဲ့ ကလေးတွေရယ်၊ အမှုလုပ်တွေရယ် ဘယ်လို နေရသလဲလို့။ သနားသဖြင့် ပေးတဲ့အခွင့်အရေးကိုသာ ရတယ်မဟုတ်လား"

"ဟုတ်တယ်"

"မြင့်တဲ့ လူနှင့် နိမ့်တဲ့လူကိုပဲကြည့်လေ။ ရှင်ဘုရင်၊ ဝန်ကြီးများ အရာကြီးများ၊ သူဌေးသူကြွယ်၊ လူကုံထံကြီးများက လက်လုပ်လက်စား

mgyoe.com

mgyoe.com


များနှင့် သူတောင်းစားများတို့အား ကျွေးသမျှသာစား၊ ပေးသမျှသာဝတ်၊ ထားသလို နေပေါ့။ ဒါလည်း ဓမ္မတာပဲ၊ နိမ့်တဲ့ လူများဟာ မြင့်တဲ့လူများကို အဘယ်မှာ မော်ကြည့်ဝံ့မလဲ"

"အင်း"

"စေပိုင်တဲ့ လူကလည်းစေပေါ့၊ လုပ်စေ၊ ကိုင်စေ၊ တည်စေ၊ ခံစေ၊ နာခံစေ၊ ဆင်ခြေမလို၊ ဝေဖန်ရန်မလို။ နာခံရတဲ့သူက ဘာကိုစေမလဲ၊ နာခံပါမည်ဟု စောင့်မျှော်ကာသာနေဖို့မှတစ်ပါး အခြားမရှိ။ အဲသည်တော့ နိုင်တဲ့လူ၊ မြင့်တဲ့လူ၊ စေပိုင်တဲ့လူက ငါလုပ်သမျှသည် တရားသည်။ ငါ့ကိုဝေဖန်ရန်မလို၊ ငါ့ကို ဆင်ခြေကြက်တွန့်မတက်နှင့် ငါ့ကို ဆန့်ကျင်လျှင် ငါ့ရန်သူ၊ ငါ့ကို ဖီလာပြုသူ ဖြစ်နေတာပေါ့၊ ဒါဟာ ဓမ္မတာပဲ"

"မကြိုက်ရင်ပြော၊ သဘောရှိသည်ကိုဆို၊ ကောင်းရာကိုညွှန်ပြလို့တော့ ရှိဦးမှာပဲ"

"ဟုတ်တယ်။ စာဆိုကတော့ ရှိတာပဲ၊ စာဆိုဆိုတာ စာဆိုပဲ ဥပဒေကိုရှိထားမှ ဥပဒေအရ ပြောပိုင်ဆိုပိုင် ဝေဖန်ပိုင်၊ အကြံပေးပိုင်ဟူ၍ အခွင့်ပြုထားမှ တကယ့်အစစ် ပြောပိုင်ခြင်း၊ ဆိုပိုင်ခြင်း၊ ဝေဖန်ပိုင်ခြင်း၊ အကြံပေးပိုင်ခြင်း၊ အခွင့်အရေးရခြင်းပါ။ ဒါပေမဲ့ ဖဆပလခေတ်မှာ ယောင်ပြီးများ မလုပ်ပါလေနှင့်။ ငါးရိုးမျက်လို့ ခက်နေတာလို ဟိုတုန်းက ဇကရာဇ်၊ ပဒေသရာဇ်ခေတ်မှာ ယောင်ပြီးများ၊ မထောင်နှင့်။ ခေါင်းပြောင်သွားမယ်လို ဖြစ်နေမှာဗျ။ ဖဆပလနှင့် ဇကရာဇ်ခေတ်ဟာ သိပ်မခြားနားဘူး၊ စိုးမိုးသူကလည်း တွေးပြီး မရုက်ဘူး၊ ဘာရှက်မလဲ ဇကရာဇ် ဝါဒရဲ့ လက်ကျတွေ"

"ခုခေတ်မှာကောရှင်"

"အစ်မက ဟိုတုန်းက အသက်ဦးဆံပိုင်ခေတ်မှာ မေးတာပဲ။

mgyoe.com

mgyoe.com


အသက်ဦးဆံပိုင် ဇကရာဇ်၊ ပဒေသရာဇ်တွေဟာ သည်လိုသဘောတွေကြောင့် ကျဆုံးသွားရတာပဲ"

"ဒါပေမဲ့ရှင် အင်္ဂလန်နိုင်ငံ၊ နော်ဝေနိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဒိန်မတ်နိုင်ငံ၊ ဂရိနိုင်ငံ၊ အီသီယိုပီယာနိုင်ငံ၊ အီရန်၊ အာဖဂန်နစ္စတန်အစရှိတဲ့ အာရပ်နိုင်ငံများစွာတို့မှာ ရှင်ဘုရင်တွေ ရှိသေးတာပဲ"

"ရှိပေတယ်လို့ ရွေးကောက်ပွဲနှင့် ပါလီမန်ဒီမိုကရေစီနိုင်ငံတွေချည်းပဲ ရှေးကလို မဟုတ်တော့ဘူး"

"ဒါဖြင့် သည်နိုင်ငံတွေ ချုပ်ချယ်ခြင်း၊ ဖိနှိပ်ခြင်း မရှိတော့ဘူးလားရှင်" "အင်း ချုပ်ချယ်ဖိနှိပ်ခြင်းကား ငါနိုင်တယ် ငါဟု ပိုင်စိုးပိုင်နင်းငါ့ သဘောအတိုင်း လုပ်လို့စားချင်တာကို မစားရ၊ ရှိလျက်၊ မြင်လျက်သားနှင့် ငွေမရှိလို့ မစားရ၊ ငွေအရှိသားနှင့် မစားရ၊ သည်လိုပဲ အဝတ်လိုလို့ ဝယ်ဝတ်ချင်ပေမဲ့ ဝယ်မရ၊ ဒါပေမဲ့ အဝတ်တွေလည်း အရှိသား။ အဲသည်လိုတိုင်းပြည်မှာ ဖိနှိပ်ချုပ်ချယ်ခြင်းခံရမယ်၊ အလုပ်အကိုင်အရောင်းအဝယ်နှင့် ပတ်သက်ပြီး ဖိနှိပ်ချုပ်ချယ်ခြင်း ခံရမယ်ဆိုရင်၊ သည်နိုင်ငံတွေမှာ အတော်ပြဿနာ၊ လူနေမှုဆင်းရဲ ပင်ပန်းခြင်းပြဿနာတို့ ဖြစ်ပေါ်လာပြီး ထွက်ကုန်သီးနှံတို့ တစ်နှစ်ထက်တစ်နှစ် ဆွန့်ပါးလာရမယ်၊ ကုန်ထုတ်လုပ်ငန်းများ လျော့ပါးလာရမယ် ဖြစ်ပြီး ထိုတိုင်းပြည်နိုင်ငံတွေဟာ ကိုလိုနီစနစ်ထက်ဆိုးဝါးတဲ့ ဈေးကွက်ရှာသမားတို့ရဲ့ နောက်လိုက်နိုင်ငံတွေ ဖြစ်သွားရမှာပဲ"

မောင်မြင့်၏ ထိုသို့ပြောသောစကားကို ထိုအမျိုးသမီးသည် ဘဝင်တွင်ထိ၍ ငြိတိတိဖြစ်နေပုံရှိလေ၏။

စင်စစ်ထိုအမျိုးသမီးနှင့် မောင်မြင့်သည် လူပျိုအပျိုဖြစ်၍ အပျိုလှည့်ခြင်း၊ လူပျိုလှည့်ခြင်း သဘောတို့နှင့် စကားပြောဆိုနေကြလေ

mgyoe.com

သလား။ ဟုတ်ခဲ့ချေသော် ၎င်းတို့ နှစ်ယောက်သည် ခေတ်အလျောက် ကမြောက်ကတောက်ဆိုမလား၊ အထက်တန်းစားမောင်မယ်ဟု ဆိုမလား။

ထိုအမျိုးသမီးသည် မောင်မြင့်ကို ဘဝင်တွင်ထိ၍ ငြိတိတိကဲ့သို့ လမ်းခရီးမတ်တတ်မှာ တွေ့ရခြင်းနှင့်ပင် ဖြစ်ဟန်ရှိချေပြီ။ မောင်မြင့်ကလည်း ထိုအမျိုးသမီးကို ဘဝင်တွင်ချို၍ စိုတိုတိုများ ဖြစ်နေလိမ့်မလား။

ထိုသို့သော အပျိုလူပျိုလှည့်နည်းမျိုးသည် ၎င်းတို့အားဖြင့် ဟုတ်ကဲ့ ချေသော် ယခုခေတ်သစ်မှသာ အစထွင်သလား။ ရှေးကလည်း အပျိုလူပျိုတို့ တွေ့ကြသောအခါ အထက်တန်းစားမောင်မယ်တို့တွင် မောင်ကမယ်အား ခင်ဗျားသိပ်ကို ကြိုးစားတာပဲဗျာ၊ ချည်ဝင်ထွေတော့ အတော့်ကို ရမှာပဲဆိုရာ၊ မယ်က ကျွန်မ လဆန်း ၁ ရက်နေ့ကစပြီး ချည်ဝင်ငါးဝင် ငင်ပါတယ်။ နောက်ကို တစ်နေ့တစ်နေ့မှာ ငါးဝင်စီ တိုးငင်သွားပါတယ်။ ယနေ့ ဆယ်ရက်ရှိပါပြီဟု ပြန်ဖြေသတဲ့။

ဤနည်းလူပျိုလှည့်လာရာ၊ အပျိုက ဇည့်ခံခြင်းတဲ့၊ ထိုအခါ လူပျိုက ချက်ချင်း သိခဲ့သော် အပျိုက သဘောကျ၍ အဆက်ဖြစ်သွားလေသည်။ မသိသော် လူပျိုသည် နောက်တစ်ရက် ဆက်၍ မလာဝံ့တော့ပေ။

ထိုသို့မဟုတ် ရာဇဝင်နှင့် ပတ်သက်၍လည်း "သခင်ကိုမုန်း ကျွန်ခေတ်တုံးအောင်၊ ကျင့်ကြံဆောင်လည်း ရေလှောင်ကန်မှာ ဒေါသဖုံးလို့ အသက်ဆုံးတဲ့ မင်း" အဲသည်မင်းသား ဘယ်ခေတ်က ဘယ်မင်းတဲ့ လဲရှင်ဟု မယ်ကမောင်ကို မေးတတ်သတဲ့။

မောင်မြင့်နှင့် ထိုအမျိုးသမီး၏ နေရာသည်ကား ကပ်လျက်သာ ရှိသဖြင့် ကြားတွင် သရေအိတ်တစ်လုံး၊ ရေတကောင်းတစ်ခု၊ ချိုင့်တစ်ခု

mgyoe.com

mgyoe.com


တို့သာ ရှိ၏။ အိပ်ကြသော် အတွေးနယ်ချဲ့ကြ၍ ကိုယ်စီမည်ကဲ့သို့ တွေးကြမည်နည်း။

ထိုအမျိုးသမီးသည် ခေတ်အလျောက် ညှိတီတီသဘောမျိုးကို မတွေးတောစေကာမူ မောင်မြင့်သည် ခေတ်အလျောက် အသိကြွယ်ဝသော သူတစ်ယောက်ဟုလည်းကောင်း၊ အတတ်ပညာနှင့် လူလုပ်သော သူတစ်ယောက်ဟုလည်းကောင်း ထင်ပုံရ၍ ကျောင်းဆရာဟု ထင်ဟန်ရှိ၏။

၎င်းသည် မောင်မြင့်အား ရှင်ဘယ်ကလဲ၊ ဘာလုပ်သလဲဟုမေးလိုက်မည် သုံးခါလောက် ကြံရွယ်ပြီးမှ မမေးဘဲနေလိုက်၏။ ထိုသို့နေခြင်းပင်လျှင် ၎င်း၏စိတ်သည် မောင်မြင့်၏အပေါ်၌ ညှိနေပုံရှိသည်ဟု ယူဆစရာဖြစ်သင့်မည်လား။

မောင်မြင့်ကကား ထိုအမျိုးသမီးသည် စာဖတ်ခြင်းကို နှစ်သက်သည်။ အကြားအမြင်ကိုလည်း ဆည်းပူးလိုဟန် ရှိသည်။ တော်တော်ပင် အထက်တန်းကျသည်ဟု ယူဆ၏။

ထိုသို့နှင့်ပင် မောင်မြင့်သည် ထိုဖဲဖဲကြဲ အမျိုးသမီးနှင့် မိတ်ဆွေသဘောရောနှောမိသော်လည်း တစ်ယောက်နာမည်ကို တစ်ယောက်က မသိကြသည်ပြင် နေသော မြို့၊ နေရပ်တို့ကိုကား အဘယ်ဆိုဖွယ်ရာ ရှိရတော့အံ့နည်း။ ထိုသို့နှင့်ပင် သင်္ဘောကြုံစီးအဖြစ်နှင့် တွေ့လာကြရာ ပခုက္ကူသို့ ရောက်သောအခါ ထိုအမျိုးသမီးတို့သည် ရောက်ရင်ပေါက်ရင် ဝင်ပါဟု ပြုံးကာ နှုတ်ဆက်ပြီးလျှင် သင်္ဘောပေါ်မှ ဆင်းသွားကြလေ၏။

မောင်မြင့်ကလည်း အသွားတစ်တိုင် အပြန်တစ်တိုင် သင်္ဘောနှင့်ပင် ကျွန်တော့် ထံရောက်ရင် မဝင်ဘဲ မနေပါနှင့်ဟု စကားကို ပလုံးပထွေးပြုကာ တုံ့ပြန်လိုက်လေ၏။

□

mgyoe.com

mgyoe.com

# အခန်း ၂

မောင်မြင့်၏ခြံကြီးသည်ကား အလွန်စည်ပင် ထွန်းကား၍ သာယာကာ ရှိလေ၏။ ထိုခြံ၌ အလုပ်သမားလင်မယားနှစ်ယောက်၏ ပြုပြင်မှုဖြင့် ရုံးပတီသီး၊ ခဝဲသီး၊ ခရမ်းရှည်သီး၊ ခရမ်းချဉ်သီး၊ ရှောက်သီး၊ သံပရာသီးတို့မှာ ဆယ့်နှစ်ရာသီထွက်နေ၏။ ထို့ထက် ဝမ်းသာဖွယ်ရာကား စပျစ်ပင်စင်ကြီး နှစ်စင်မှ စပျစ်သီးများသည် အခိုင်အခိုင်ပြုကာ အလွန်သီးလျက်ရှိနေ၏။ လေချူပင်တို့မှာကား စ၍ပွင့်ကြလေပြီ။

ငှက်ပျောပင်တို့မှာလည်း အခိုင်ကျ၍ အချို့ကို ရင့်သဖြင့် ခုတ်ကြရလေပြီ။ ဝက်မလွတ်အုန်းပင်များလည်း မြေရေ အခန့်သင့်သဖြင့် သီးလျက်ရှိကြလေပြီ။ ထိုသို့သော သဘောဖြင့် ဈေးသည်များသည် ပျားပန်းခပ်ဘိသကဲ့သို့ ခြံထွက် ပစ္စည်းများကို သူ့ထက်ငါလာရောက်ကြပြီး

mgyoe.com

mgyoe.com



လျှင် ဝယ်ယူကြသဖြင့် အရင်က ခြံစုတ်ပဲ့ ကျုတ်တစ္ဆေကြောက်စရာသည် အလွန်စည်ပင်ကာ ရှိနေလေတော့ပြီ။

တစ်နေ့သော် ဈေးထဲမှ မျက်နှာကြီးသစ်သီးများ ရောင်းသောဈေးသည် မလှခင်သည် မြင်းရထားနှင့် မောင်မြင့်၏ ခြံကြီးသို့ရောက်လာ၍ ဒေါ်ထိပ်တင်လည်း နှုတ်ဆက်ပြီးသော် ကောင်းစွာနေရာပေးပြီးလျှင် ဝတ္တရားအတိုင်း ဧည့်ခံလေ၏။

ထိုအချိန်၌ မလှခင်မှာ နိုင်လွန်အင်္ကျီအသားရောင် လက်ရှည်ကိုဝတ်ထား၏။ လက်တစ်ဖက်တွင် ရွှေကြိုးနှင့် လက်ပတ်နာရီကို ပတ်ထား၏။ လက်တစ်ဖက်တွင် ကျောက်စိမ်း လက်ကောက်တစ်ရန်ကို ဝတ်ထား၏။ အင်္ကျီသီးများမှာ နီလာ အင်္ကျီသီးများဖြစ်၏။ ကျောက်ကြိုးတစ်ကုံးဆွဲထား၏။ လုံကွင်းမှာ ဘရိုကိတ်ဖြစ်၏။ နှုတ်ခမ်းတွင် အနီအနည်းငယ် ဆိုးထား၏။ ဤသို့ မလှခင်သည် လိုရင်းကို ပြောတော့၏။

"ဒေါ်ဒေါ်ထိပ်ကို ကျွန်မ တစ်ခုပြောပါရစေ"

"ပြောပါ"

"ဒေါ်ဒေါ့်ခြံထဲက ထွက်သမျှ အသီးအနှံတို့ကို ကျွန်မ အကုန်လုံးသိမ်းပါ့မယ်၊ ဒေါ်ဒေါ်လာပို့ပါ၊ လက်ငင်းငွေချေပါ့မယ်"

"သည်ကိစ္စမှာ ကျွန်မသဘောနှင့်ချည်း မပြီးပါ၊ ခြံရှင် မောင်မောင်လေးနှင့် ပြောပါ"

"သူ ဘယ်မှာလဲ"

"ခြံထဲမှာပါ"

ထိုအခါတွင် မောင်မြင့်သည် မထိပ်တင်၏ သားကလေးနှစ်ခါလည်ကျော်နှင့် ခြံထဲတွင် ရေမြောင်းဖောက်ရင်း ကစားသကဲ့သို့ ရှိနေ၏။

"ဒါဖြင့် ခေါ်ပါရှင်၊ သူနှင့် စကားပြောရအောင်"

မထိပ်တင်သည် မောင်မြင့်ထံသွားရောက်၍ ဤသို့ စကား ဖြစ်

mgyoe.com

mgyoe.com


နေ၏။

"ဘာလဲအစ်မ၊ ကလေးချိမတောင်းသေးပါဘူး၊ ငှက်ပျောသီး စားထားတယ်"

"ဧည့်သည်က တွေ့ချင်လို့တဲ့"

"ဘယ်ကဧည့်သည်လဲ"

"ဈေးထဲက သစ်သီးမျိုးစုံ ဆိုင်ရှင်ပါ"

"ဘယ်ကြောင့် တွေ့ချင်ရသတဲ့လဲ"

"သည်ခြံက ထွက်သမျှကို သူက အကုန်ယူမယ်၊ လက်ငင်းငွေချေ၊ နေ့စဉ်လာပို့ပါလို့ ပြောတယ်"

"ဟာ မတော်တာ၊ သူ့ထံသွားပြီးတော့လည်း မပို့နိုင်ပါဘူး၊ သူ့အားချည်းလည်း အကုန်မရောင်းနိုင်ပါဘူး။ လာဝယ်တဲ့လူများအား မျှရောင်းရမှာပေါ့၊ ကိုင်း သည်အတိုင်းပဲ ပြောလိုက်ပါ၊ ကျွန်တော်နှင့် တွေ့လို့ အကြောင်းမထူးပါဘူး"

ထိပ်တင်သည်ပြန်၍ မလှခင်ထံ မောင်မြင့်ပြောသော စကားတို့ကို ပြန်ကြားပြောဆိုလေ၏။ မလှခင်လည်း "ကျွန်မသူ့ထံသွားပြီး သဘောသွားကို ပြောပြမယ်ရှင်" ဆိုကာ မလှခင်သည် ဒေါ်ထိပ်တင်ကိုခေါ်၍ မောင်မြင့်ရှိရာသို့ သွားလေ၏။ လှခင်သည်လည်း ဖဲဖဲကြဲ (စံစံကြဲ) လား။ မောင်မြင့်သည် အရင်တွေ့ခဲ့ရသော စံစံကြဲထက်ပင် စံပြီး ကြဲမည်လား။ ၎င်းသည် ဈေးထဲက ငှက်ပျောသီး၊ အုန်းသီးစသော သစ်သီးမျိုးစုံကိုရောင်းချသော စံစံကြဲဖြစ်၏။ ၎င်း၏ဆိုင်၌ စပျစ်သီးများပင်ရ၏။

လှခင်သည် မောင်မြင့်ရှိရာသို့သွားရာ မောင်မြင့်သည် လေချူပင်ရိပ်တစ်ရိပ်၌ မထိပ်တင်၏သားကလေး ဆော်ထည့်နှင့်ထိုင်ကာ ကစားသကဲ့သို့ ရှိနေ၏။

ဆော်ထည့်သည် ကလေးသဘာဝ ဤသို့ပင် မပီကလာပီလာနှင့်

mgyoe.com

mgyoe.com


ပြောနေ၏။

"ဦးလေးလေး၊ ဟိုကန်ထဲမှာ ငါးတွေရှိတယ်၊ သည်မှာ မရှိဘူး"

"အေး"

"ဘာကြောင့်လဲ၊ သူတို့ကို ခေါ်ထားပါလား"

"မလာဘူးကွဲ့"

"လာရင် ခေါ်ထားမှာလား"

"အေး"

လှခင်သည် မောင်မြင့်နှင့်တွေ့ပြီ။ ဆော်ထည့်က "လာရင် ခေါ်ထားမှာလား" ဆိုသောစကားနှင့် "အေး" ဆိုသော အသံကို လှခင် သည် ကြားရ၍ "ဖွဟဲ့ တိတ်ဆိုး နိမိတ်ဆိုး" ဟု စိတ်ထဲက ဖွလေ၏။ သို့သော် ချိုချိုပြုံးပြုံးနှင့် နှလုံးသားစိုပြီးလျှင် ယိုကာရှိပုံလည်း လှခင်မှာ ရှိပုံပေါ်၏။ ဒေါ်ထိပ်တင်သည် ဤသို့ဆွယ်၍စပ်တော့၏။

"မောင်မောင်လေးကို ခင်က တွေ့ချင်လို့တဲ့"

"ဘာကိစ္စပါလဲခင်ဗျာ"

မောင်မြင့်သည် မြေပြင်ပေါ်၌ သစ်တုံးကလေး တစ်ခုပေါ်တွင် ထိုင်နေ၏။ ဆော်ထည့်သည် ကစားနေ၏။ လှခင်သည် ဒေါ်ထိပ်တင် နှင့်အတူ မတ်တတ်ရပ်၍ ဤသို့ပြောဆိုလေ၏။

"ရှင့် အကျိုးပဲရှင်"

"ကျွန်တော် ဘာကျိုးနေလို့လဲ"

"ရှင့် စီးပွားရေးအကျိုးပါ"

"ဘယ်လိုလဲ ခင်ဗျာ"

"ရှင့်ခြံထဲက ထွက်တဲ့ အသီးအနှံများကို ကျွန်မထံလာပို့ပါ။ ကျွန်မဟာ သစ်သီးဆိုင်ရှင်ပါ။ ဒေါ်ဒေါ်ထိပ် သိပါတယ်"

"မလိုပါဘူး"

mgyoe.com

mgyoe.com


"ရှင့်မှာ ခုလိုခြံထဲကနေပြီး ပေးနေရတာ ငွေခေါင်းကွဲတယ်။ တချို့ ထံလည်း အကြွေးပါသွားတယ်၊ ပါသွားလို့ ပြန်မရတာလည်း ရှိမယ်။ ကျွန်မထံ တစ်စုတည်းလာပို့တော့ ရှင် ငွေကို လုံးခနဲ၊ ခဲခနဲ ရမှာပါ"

"ပို့ရန် မအားပါဗျာ"

"ဒါဖြင့် ရှင့်ခြံထွက်ပစ္စည်းများကို ခုလို ပေါက်ပန်းဈေးမလုပ်ဘဲ စုထားပါ၊ ကျွန်မ ကားနှင့်သိမ်းပါ့မယ်၊ ငွေလည်း လက်ငင်းချေသွားပါ မယ်"

"ကျွန်တော် ငွေရှင်၊ ငွေချမ်းသာအောင်၊ ငွေလိုချင်လို့ ခြံစိုက်တာမှ မဟုတ်ဘဲ၊ ငွေဟာ လူကို ကစားနေတဲ့ အလမ္ပာယ်သမားပါ"

လုခင်သည် ငွေရအောင်၊ ရသောငွေသည် မြတ်အောင်သာ ဈေးကို ရောင်းတတ်သည်။ စာနှင့်ပေနှင့် ကင်းကွာနေ၍ လောက၏ (ဝါ) ခေတ်၏ အပြင်ဘက်က မိန်းကလေးတစ်ယောက်ဖြစ်နေသည့် အား လျော်စွာ မောင်မြင့်၏ စကားကို ဘာဆိုသလဲ၊ ဘာအဓိပ္ပာယ်လဲဟု မသိဘဲ ဤသို့ ပြောလေ၏။

"ဒါဖြင့် ဘာကြောင့် ခြံစိုက်သလဲရှင်"

"ကမြင်းထ၍ ခြံစိုက်သလား၊ ခြံထဲ ကောင်မတွေခေါ်ခေါ်ပြီး ပျော်ဖို့ ခြံစိုက်တာလား" ဟုလည်း လုခင်သည် မေးလိုလေ၏။ အမျိုး သမီးတို့မှာ နိုင်လွန်အင်္ကျီ၊ ဘရိုကိတ်စသော အဝတ်အထည်တို့ကို တမော့မော့ တကြော့ကြော့နှင့် ထည်လဲဝတ်တတ်တိုင်း၊ ကိုယ်တွင် လက် ပတ်နာရီရွှေကြိုးနှင့် နေကာရွှေမျက်မှန်နှင့် ရွှေ၊ စိန်၊ ကျောက် စသော လက်ဝတ်လက်စား ခေတ်ပုံကျကျ၊ ပန်းထိမ်ဆရာပြုစားတိုင်း ဝတ်ထား ခြင်းနှင့် အသရေတင့်နေသော်လည်း ခေတ်၏ ဘောင်အတွင်းမှာ သွတ် သွင်း၍ ရသူမဟုတ်၊ ထိုမိန်းမမျိုးသည် မှိန်းမသာလျှင်ဖြစ်သဖြင့် မဖြုန်း၊ (ဝါ) မရမ်းကား၊ (ဝါ) အသူရကာယ်မကလေးသာ ဖြစ်တန်ရာသေသည်။

mgyoe.com

mgyoe.com


မောင်မြင့်သည် ဤသို့ ထိုင်ရာမှမထဘဲ စကားပြန်၏။

"လူထုအကျိုးငှာပါဗျာ၊ ကျွန်တော်ခုလို ခြံသမားလုပ်နေလို့ လူထု အလိုရှိတဲ့ အသီးအနှံများကို ရတယ်မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်မက လာယူပြီး ရောင်းတော့လည်း"

"မမ၊ ကျွန်တော်တစ်ခု အစီရင်ခံပါတယ်"

"အို"

"မအိုပါနှင့်ခင်ဗျာ၊ မမ လူဟာ အလုပ်လုပ်တာ အများဆိုင် (ဝါ) ဘုံဆိုင်အတွက်ပါ။ မမတစ်ယောက်တည်းအားသာ စုပေးလိုက်တော့ ဘုံ သဘောမဟုတ်ဘဲ။ မမ တစ်ယောက်တည်းသဘောဖြစ်သွားမယ်"

"ဩော် ... ရှင့် ငွေခေါင်းမကွဲအောင် ကျွန်မက စေတနာနှင့် ပြောတာပါရှင်"

"မမ သည်ခြံထဲက အသီးအနှံတွေကို အိမ်သုံးအတွက် လာဝယ် လျှင်လည်း ရောင်းရမှာပဲ။ ဖောက်သည်သဘော၊ ဈေးသည်များက သူ့ ထက်ငါ လာယူလျှင်လည်း မသာမနာ ညီညီမျှမျှပေးရမှာပဲ။ တစ် ယောက်တည်းကို မျက်နှာလိုက်ပြီးပိုပေးရင် ခြံသမား အဂတိလိုက်စားရာ ရောက်မယ်၊ ခြံသမား အဂတိလိုက်စားရင်လည်း မိုးလေမမှန်ဘူး ခင်ဗျ၊ မိုးလေမမှန်ရင် ခြံထွက်အသီးအနှံဟာ ဆွန့်တတ်ပါတယ်"

လှခင်သည် မောင်မြင့်ကို စိုက်ကြည့်နေ၏။ မောင်မြင့်လည်း ဆက်၍ ပြောပြန်၏။

"အဲဒီလို ဈေးသည်များ၊ ခေါင်းရွက်သည်များတို့ကို ဖောက်သည် ပုံသဘောနှင့် ဖြန့်ပေးမှ၊ ဈေးကိုတင်မရောင်းနိုင်ဘဲ လျှော့ရင်သာ လျှော့ ပြီးရောင်းမယ်၊ တစ်ဦးတည်းကိုသာ စုပေးလိုက်မယ်ဆိုရင်၊ သူ ရောင်း ချင်တဲ့ဈေးနှင့် ရောင်းမယ်။ ပြီးတော့လည်း ရှိရက်သား၊ မြင်ရက်သားနှင့် သူရောင်းချင်မှ ရောင်းမယ်၊ ရောင်းချင်သူကိုမှ ရောင်းမယ်၊ နေ့ရွှေ၊

mgyoe.com

mgyoe.com


ညရွှေ့ အချိန်ရွှေ့ပြီး သူရောင်းချင်တဲ့အခါမှ ကုန်ကို လက်ဝါး ကြီး အုပ်ပြီး ရောင်းမယ်၊ ဒီဟာ လူထုရဲ့ အကျိုးပြုလို့ ဘယ်လိုပင်ဆိုပေမဲ့ လူထုကို ရောင်းချခြင်းစနစ်နှင့် ငါ့ခြေအောက် ပြားပြားဝပ်နေဟု ဖိနှိပ် ချုပ်ချယ်ရာရောက်မရောက်ကို မမ စဉ်းစားလေ"

"ကျွန်မ သည်လိုသဘောမျိုး မရှိပါဘူး"

"ဟုတ်တယ်၊ တစ်ဦးတည်း ချုပ်ပြီး ရောင်းဝယ်ခြင်း စနစ်က ပြနေတယ် ခင်ဗျ။ ဘယ်လိုလဲဆိုရင် "ဒါဟာ ငွေရှင်စနစ်၊ (ဝါ) တစ်နည်း နည်းနှင့် နည်းတဲ့ အရင်းရှင်စနစ်ခင်ဗျ" မမလည်း သိမှာပါ တစ်ဦးတည်း ချုပ်ကိုင်ခြင်းဟာ ငွေရှင်အရင်းရှင်စနစ်"

"ပြောပါရှင်"

"မြူနီစီပါယ်က ဝက်သားလိုင်စင်စတဲ့ သားသတ်လိုင်စင် ပေး တယ်၊ ဒါဟာတစ်ဦးတည်း ရောင်းဝယ်ပိုင်ခွင့် စနစ်ခင်ဗျ" "အဲဒီတော့ လိုင်စင်ရသူများက ဝက်သား၊ ဆိတ်သား၊ အမဲသားများကို အပြိုင်ရောင်း ချမယ့်သူ မရှိတော့ သူတို့ထင်သလို ရောင်းတယ်။ ဈေးကြီးပြီးရောင်း တယ်။ အမျိုးမျိုး ဈေးကစားပြီး သူတစ်ပါးမဝယ်နိုင်အောင် ဝယ်တယ်။ ကိုင်းဗျာ၊ အင်းကို လိုင်စင်ပေးပြီး တစ်ဦးတည်းချုပ်ကိုင်ထားခွင့်ပေးတော့ ဘယ်လိုဖြစ်နေတယ်ဆိုတာကို မမ ဈေးထဲကပဲ။ သိမှာပေါ့၊ တစ်ဦး တည်း ချုပ်ကိုင်ခြင်းဟာ ငွေရှင်၊ အရင်းရှင်စနစ်ခင်ဗျ။ ငွေရှင်၊ အရင်းရှင် ဟာ တဖြည်းဖြည်းတိုင်းပြည်ကို ခြောက်ခန်းစေတတ်တယ် ခင်ဗျ"

ထိုသို့ပြောဆိုနေသည်တွင် ထိုခြံထဲသို့ ကားကလေးပြောင်ပြောင် လက်လက် တစ်စင်းသည် ဝင်ရောက်လာ၍ ကားပေါ်မှအမျိုးသမီး အထက်တန်းကျကျသည် နောက်ပါ အမျိုးသမီးတစ်ယောက်နှင့် ဆင်း လာလေ၏။ ၎င်းတို့ နှစ်ယောက်သည် အိမ်အပြင်က မတ်တတ်ရပ်၍ နေကြ၏။

mgyoe.com